# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၄၅)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂-၅-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲ မင်္ဂလာအခမ်းအနား ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲမင်္ဂလာအခမ်းအနားဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော

စာမျက်နှာ ၃ သို့ ❖



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားနှင့် စာတမ်းဖတ်ပွဲမင်္ဂလာအခမ်းအနား ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။


**ယနေ့ ဖတ်စရာ အညွှန်း**

ရန်ကုန်-မန္တလေး-ရန်ကုန် ရထားလမ်းပိုင်းတွင် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား မန္တလေးဘူတာကြီးတွင် ကျင်းပ — စာမျက်နှာ ၅

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အမှတ်တရ (ဆောင်းပါး) — စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

## လေထုမငြိမ်သက်မှုများနှင့် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းတို့ကြောင့် လေပြင်းနှင့်အတူ ထစ်ချုန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင် မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင် မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၂ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

# ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀)အတွင်း မိမိတို့ဝန်ကြီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ကျေးလက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး၍ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သတင်းအချက်အလက် မှန်မှန်ကန်ကန်ကောက်ယူပြီး တောင်သူများ၊ ကျေးလက်နေပြည်သူများအား စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရန်နှင့် စည်းရုံးရေးမှူးကောင်းများ၊ ပေါင်းစပ်ညှိနှိုင်းရေးမှူးကောင်းများဖြစ်အောင် စေတနာထားဆောင်ရွက်သွားကြရန်လိုကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ မြို့နယ်အသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံရာ၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် နန္ဒာ(တောင်)ကျေးရွာရှိ နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာသော သွင်းအားစုများကို တောင်သူလယ်ဝယ် စိုက်ပျိုးချိန်အမီ ရောက်ရှိရန် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကတို့ပူးပေါင်းကာ ယူရီးယားမြေသြဇာများ ရောင်းချပေးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)မှ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော နို့စားနွားနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၁၇၅ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၆၀ ကို ဆက်လက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဗုဒ္ဓနေ့အခမ်းအနားကျင်းပ

**မန္တလေး မေ ၁**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်ရှိ မဟာဝိဇယကျောင်းတိုက်၌ ဧပြီ ၃၀ ရက် ကဆုန်လပြည့်နေ့ နံနက် ၉ နာရီတွင် ဗုဒ္ဓနေ့အခမ်းအနားကျင်းပပြုလုပ်ရာ မဟာဝိဇယဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ အမှူးပြုသော ပင့်သံဃာတော်(၁၀)ပါးကြွရောက်ချီးမြှင့်သည်။

အစီအစဉ်အရ ပင့်သံဃာတော်(၁၀)ပါးတို့က ကျောင်းဝင်းအတွင်းရှိ ဗုဒ္ဓဆင်းတုတော်အား အနေကဇာတင်မင်္ဂလာဆင်ယင်ကျင်းပပြီး ဗောဓိညောင်ပင်အား ရေသွန်းလောင်းပူဇော်ကြသည်။ ထို့နောက် လူပရိသတ်တို့က မဟာဝိဇယဆရာတော်ထံမှ သီလခံယူဆောက်တည်ပြီး ယောဂီဒေါ်မာမာဝင်းက ဗုဒ္ဓနေ့အကြောင်း၊ ယောဂီဒေါ်လှိုင်လှိုင်သိန်းက ဗုဒ္ဓဝန္ဒနာတို့ဖြင့် ပူဇော်ကြပြီး မဟာဝိဇယယောဂီအဖွဲ့က ရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် မဟာဝိဇယဆရာတော်ကြီးက ပင့်သံဃာတော်(၁၀)ပါးတို့အား တစ်ပါးလျှင် ကျပ်ငါးသောင်းနှုန်း၊ ရဲမှူးဦးတင်မောင်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုတို့က တစ်ပါးလျှင် ငွေကျပ်ငါးသောင်းနှုန်း အသီးသီးလှူဒါန်းဆက်ကပ်ကာ လှူဒါန်းမှုအစုစုတို့အတွက် မဟာဝိဇယဆရာတော်ကြီးက အနုမောဒနာတရားဟောကြားပြီး အခမ်းအနားရုပ်သိမ်းသည့် ညနေပိုင်းတွင် မဟာဝိဇယလူငယ်မောင်မယ်များက ညောင်ရေသွန်းလောင်းကြပြီး ဧည့်ပရိသတ်အပေါင်းအား စတုဒိသာ ထမင်း၊ ဟင်း ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

(ဝဇ၁)

## ရတနာမာရ်အောင် တောရဓမ္မရိပ်သာကျောင်းတိုက်၌ အခွန်လွတ်သာသနာ့မြေဂရန် ဆက်ကပ်



**ပုသိမ်ကြီး မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ကြူဝန်းကျေးရွာအုပ်စု၊ ကြူဝန်းကျေးရွာရှိ ကွင်းအမှတ် ၅၅၆၊ ဦးပိုင်အမှတ် ၁၄ ၊ ဧရိယာ ၈ ဒသမ ၅၀ ဧကကို ယနေ့ မွန်းတည့် ၁၂ နာရီက ရတနာမာရ်အောင် တောရဓမ္မရိပ်သာကျောင်းတိုက်အမည်ဖြင့် အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ အခွန်လွတ်သာသနာ့မြေဂရန်အား အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇဝနထံသို့ ရတနာမာရ်အောင် တောရဓမ္မရိပ်သာကျောင်းတိုက် အမည်ဖြင့် သာသနာ့မြေဂရန် ဆက်ကပ်ခဲ့ကြောင်း သိရသည်။

(ဇာနည်ကိုကို)

၀-၀-၀-၀-၀

## ထရန်စဖော်မာ၊ ဓာတ်အားလိုင်းများ ပြုပြင်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**မိတ္ထီလာ မေ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိုးသက်လေပြင်းဒဏ်ကြောင့် ချို့ယွင်းပျက်စီးခဲ့သည့် ထရန်စဖော်မာ၊ ဓာတ်အားလိုင်းများ ပြုပြင်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဆွေးနွေးခြင်းကို ယမန်နေ့က ကံကောင်းကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။ (ယာပုံ)

မိတ္ထီလာမြို့နယ်၊ လိန်တောကျေးရွာအုပ်စု၊ ကံကောင်းကျေးရွာတွင် ဧပြီ ၇ ရက်က တိုက်ခတ်ခဲ့သော မိုးသက်လေပြင်းဒဏ်ကြောင့် 33 KV သပြေဝ-အောင်ဆန်းဓာတ်အားလိုင်းမှ ၁၂ မီတာ ကွန်ကရစ်တိုင် နှစ် တိုင်၊ ကျေးရွာ၏ 33/0.4KV(160)KVA ထရန်စဖော်မာ နှစ်တိုင်စင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းမှ ၉ မီတာ ကွန်ကရစ်တိုင် နှစ်တိုင် ချို့ယွင်းပျက်စီးခဲ့သဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုတို့ ဦးဆောင်သော အဖွဲ့မှ ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

၄င်းအပြင် မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများက ကံကောင်းကျေးရွာမှ ဒေသခံပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဆွေးနွေးပြောကြားခဲ့ပြီး သတိပြုရမည့် အချက်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(၄၆၉)



## ၁ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ရှေ့ဖုံးမှ

ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆဋ္ဌသင်္ဂါယနာတင် မဟာထေရ်မြတ်တို့အား ပူဇော်သောအားဖြင့် နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဓမ္မိကာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယက အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တိပိဋကရေဓမ္မဘဏ္ဍာဂါရိက စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရနှင့် တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရတို့က သုတ္တန္တပိဋကတ်တော်ကို သင်္ဂါယနာ အမေးအဖြေပြုလုပ်ပြီး သံဃာတော် ၁၅ ပါးတို့က စုပေါင်းသံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲသဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေဘိုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာ လင်္ကာရာဘိဝံသက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ဆက်လက်၍ စာတမ်းဖတ်ပွဲသဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင် လှရတနာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒါဘိဝံသမဟာထေရ်မြတ်က စာတမ်းများနှင့်စပ်လျဉ်း၍ လျှောက်ထားသည်။



ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ ပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒေါက်တာ ဘဒ္ဒန္တကေတုက "မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသင်္ဂါယနာတင်သမိုင်း" စာတမ်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံနိကာယ်ကျောင်းတိုက် မော်ကျွန်းဆရာတော်တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက "ကမ္ဘာပေါ်တွင် ပညာဉာဏ်အရည်အချင်းစစ် အရှည်ကြာဆုံး စာမေးပွဲ (တိပိဋကရေ တိပိဋကကောဝိဒ)" စာတမ်းကို လည်းကောင်းဖတ်ကြားကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကမေးခွန်းများ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားကိုဆက်လက်ကျင်းပရာ စာတမ်းဖတ်ပွဲသဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နေနတ်သားဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် မန္တလေးမြို့ မြတောင် ပရိယတ္တိစာသင်တိုက် တိုင်းကြည် အဘိဝံသကျောင်း ပညာရေးဗဟိုအဖွဲ့ခွဲဥက္ကဋ္ဌ (ဓမ္မာစရိယ) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိဘိဝံသက "ပိဋကတ်တော်ဆောင် သံဃာရတနာများ ပွင့်ထွန်းရာမြေ" စာတမ်းကိုဖတ်ကြားပြီး သီရိလင်္ကာနိုင်ငံ အမရပူရနိကာယ မဟာနာယက ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တကရန်ဂေါဓ ဥယျမ်ဂေါဓ မိဿရိမာသီနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တခေမာစာရတို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်း ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမုဒက "ဆဋ္ဌသင်္ဂါယနာတင်ပါဠိရှိမန် ကျောက်စာတင်ခြင်းနှင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာခဲစာလုံးမူမှ ကွန်ပျူတာမူသို့" စာတမ်းကိုဖတ်ကြားပြီး ဆရာတော်များနှင့် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်က ပြန်လည်ဖြေကြားပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတဒေါက်တာ ဆေကိန္ဒက AI နည်းပညာနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဖြေကြားတော်မူသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ မဟာယာနဆရာတော် ဘဒ္ဒန္တသစ်ကွမ်ဘ၊ သီရိလင်္ကာနိုင်ငံမှ ပါမောက္ခ ဒေါက်တာဘဒ္ဒန္တမေဓဂေမိတိရေ ဝိဇိတဓမ္မနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ဒေါက်တာ ယွန်ဆင်ယိတ်တို့က သဝဏ်လွှာများ ဖတ်ကြားကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒမုခက "ပိဋက သုံးပုံနှင့် မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ" စာတမ်းကိုဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## ဇေယျမင်္ဂလံမော်ကွန်း (တေးထပ်)

❋ ဗုဒ္ဓသာသနံ အရှည်ခံ့လို့
ကြည်သန့်မျိုး အစဉ်အလာတွင်
တည်တံ့ဖို့ သင်္ဂါယနာတင်
မင်္ဂလာသဘင် ဆင်နွှဲ။
ပိဋကတ် သုံးပုံဆောင်ကာ
ဘုန်းဂုဏ်ရောင် ထွန်းလင်းသည့်ပွဲ။

❋ မြတ်ဗုဒ္ဓ နှုတ်ကပါဠိတော်ကို
မုက္ခပါဠ်ဖော် ဆောင်မြဲ။
အာဂုံဆောင် အောင်သည့်ပွဲမို့
နောင်အထိစွဲ တည်ရာ။
ဆဋ္ဌမူ နည်းမှတ်စရာ
တည်းဖြတ်ကြ ရဟန်းသံဃာ။

❋ ဤလောက ဘဒ္ဒကမ္ဘာဝယ်
မြတ်စွာ့သာသနာ ရောင်ခြည်ဖြိုးဖို့
ဆောင်တည်ကြိုး ပွားစည်ရန်
အားဆင့်ရည်သန်။
ကျမ်းဂန်အရှိ စာအဘိဓာန်ကို
ပါဠိအမှန် ညှိနှိုင်းလို့လေး...။

❋ ထေရဝါဒ သာသနာ့အလံကို
ဘဂဝါဘုရာ့စံ လွှင့်ထူလို့လေး....။

❋ နှစ်ခုနစ်ဆယ်ပြည့် အောင်ပွဲခံတယ်
ဇေယျမင်္ဂလံ မော်ကွန်းတည့်လေး.....။

ရေနံ့သာမောင်ကျော်ညွန့်

## အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်

**တမူး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့နံနက်ပိုင်းက အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဟောပြောပွဲတွင် တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းစိုးက ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထိုက်က အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက လိုက်နာဆောင်ရွက်ရမည့် အချက်များစသည့်အပူဒဏ်အန္တရာယ် ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများအား အပူဒဏ်အန္တရာယ် ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး အသိပညာပေးပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လျှောင်ဒဏ်သင့် ဗန်းမော်သိမ်၊ စေတီ၊ မန္တလေးတက္ကသိုလ်ဓမ္မာရုံပျက်စီး၍ ကျောင်းသား၊ ကျောင်းသူဟောင်းများပူးပေါင်း၍ မူလလက်ရာမပျက် ပြုပြင်ရန်ငွေလှူဒါန်း

**မန္တလေး မေ ၁**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတက္ကသိုလ် ဓမ္မာရုံ၊ ဗန်းမော်သိမ်နှင့် စေတီ၊ အရိုးအိုးစေတီ နှစ်ဆူတို့ ပြိုကျပျက်စီးခဲ့သည်။

ထိုသို့ ပြိုကျပျက်စီးသွားသောဓမ္မာရုံနှင့် သိမ်၊ စေတီတို့ကို မူလလက်ရာမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရန် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မြို့မိမြို့ဖများ စုပေါင်းဦးဆောင်၍ ဆပ်ကော်မတီများ စနစ်တကျဖွဲ့စည်းကာ စေတနာအလှူရှင်များနှင့် ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်မည်ဖြစ်သည်။ မန္တလေးတက္ကသိုလ်ဓမ္မာရုံအတွင်းတွင် ဗန်းမော်သိမ်နှင့် ဆရာတော်ဦးနန္ဒိမာ၏ အရိုးအိုးစေတီနှင့် ဗန်းမော်ဝန်တို့၏အရိုးအိုး စေတီရှိ ပြီး ဗန်းမော်ဝန်၏ အရိုးအိုးဘုရားကျောက်စာကိုလည်း တွေ့ရသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးတက္ကသိုလ် ဓမ္မာရုံနှင့်သိမ်၊ စေတီတို့ မူလလက်ရာ မပျက်ပြန်လည်ပြုပြင်ရေး အစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက သုတေသနစင်တာခန်းမတွင် ကျင်းပရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေဝင်းဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့မိ မြို့ဖ သီရိပျံချီ ဝဏ္ဏကျော်ထင် ဦးမောင်ကိုက ရှေးမူမပျက်ပြန်လည်ပြုပြင်ရေးကိုလည်းကောင်း၊ နာယက ဦးတင်မောင်က ဘက်စုံပြုပြင်ရေးကိုလည်းကောင်း၊ မန်းမြင့်မိုရ် ဟိန်းဆောက်လုပ်ရေးကုမ္ပဏီမှ ဦးခင်မောင်ထွေးက ဆောင်ရွက်ရမည့်လုပ်ငန်းများကို လည်းကောင်း တင်ပြကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေများလှူဒါန်းကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ **(အပေါ်ပုံ)**



ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် စေတနာအလှူရှင်များ လှူဒါန်းငွေမှာ ငွေကျပ် ၁၁၈၆ သိန်းကျော်ရရှိပြီး စေတနာအလျောက် ကုသိုလ်ပါဝင်နိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

**မောင်ပြည်သူ(မန္တလေး)**

၀-၀-၀-၀-၀

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

## လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလို



ပဲခူး မေ ၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး ဥသျှောပြည့်စုံခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်၏ မဏ္ဍိုင်ကြီးသုံးရပ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်ကို လွှတ်တော်ကိုယ်စားလှယ်များက တာဝန်ယူထမ်းဆောင်ရပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံသူ နိုင်ငံသားများအား ဥပဒေအကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာ နေနိုင်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မိမိတာဝန်ကို မိမိကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန် ဆန္ဒပြုပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူလူထုနှင့်တစ်သားတည်းဖြစ်စေရန်နှင့် ပြည်သူလူထု၏ ဆန္ဒများကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း။

ဥပဒေပြုရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ယနေ့ခေတ်ကာလ အချိန်အခါနှင့် ကိုက်ညီမှုရှိ၊ မရှိ၊ ပြင်ဆင်ဖြည့်စွက်ရန် လို၊ မလို၊ ဖျက်သိမ်းရန်နှင့် အသစ်ပြန်လည်ပြဋ္ဌာန်းရန် လို၊ မလိုနှင့် ပြည်သူများအား ကာကွယ်ပေးနိုင်သည့် ဥပဒေ ဟုတ်၊ မဟုတ်တို့ကို စိစစ် ဆောင်ရွက်ရမည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရတစ်ရပ်တွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီးသုံးရပ်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်သည် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူလူထု၏ ဆန္ဒများကို အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိထားရန် လိုအပ်ပါကြောင်း၊ သို့မှသာ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်သော ကိစ္စရပ်များနှင့် ပြည်သူလူထု၏ လိုလားချက်များကို အနီးစပ်ဆုံး ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ရုံးခန်းများ ဖွင့်လှစ်၍ လူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ဒေသခံပြည်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လိုအပ်ချက်များ၊ ဒေသဆိုင်ရာ လိုအပ်ချက်များကို နားထောင်၍ တွေ့ဆုံဖြေရှင်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ကိုယ်စားလှယ်များ အနေဖြင့် မိမိမဲဆန္ဒနယ်မြေရှိ ပညာရှင်များ၊ ဒေသခံပြည်သူများနှင့်စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များကို ပြည်သူလူထု သိရှိနားလည် ယုံကြည်မှု ရှိလာစေရန် လွှတ်တော်မှ ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအစိုးရတစ်ရပ်တွင် လွှတ်တော်နှင့် အစိုးရအဖွဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံဒေသအတွင်း ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းများ ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစဉ်အချိန်အတွင်း ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ကဏ္ဍကို မြင့်မားစေလိုပါကြောင်း၊ လွှတ်တော်သည် နိုင်ငံနှင့် ပြည်သူလူထုအတွက် တစ်ထောင့်တစ်နေရာမှ အရေးပါစေရေးအတွက် ကိုယ်စားလှယ်များ အနေဖြင့် အရည်အသွေး၊ အရည်အချင်းများ ပြည့်စုံစေရန် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ဥသျှောရတနာခန်းမ၌ ပဲခူးမြို့မှ မြို့မိမြို့ဖများ၊ ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ





နေပြည်တော် မေ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီး ဘဝ သံသရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထား၏ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများသည် တက်ရောက်လာကြသူများနှင့်အတူ (၁၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း မီးရထားတိုင်း နယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်း ၉၁ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ်၌ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ပညာပေးဆွေးနွေး



နောင်ချို မေ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မြို့နယ်အတွင်း တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးတောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာစေရေးအတွက် နောင်ချိုမြို့နယ် နောင်တောကျေးရွာနှင့် လုံဝယ်ကျေးရွာတို့သို့ ယနေ့နံနက်ပိုင်းက ကွင်းဆင်းပညာပေး ဆွေးနွေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်သည် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများလိုက်ပါလျက် နောင်ချိုမြို့နယ် နောင်တောကျေးရွာနှင့် လုံဝယ်ကျေးရွာ၌ တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ မွေးမြူရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# ရန်ကုန်-မန္တလေး-ရန်ကုန် ရထားလမ်းပိုင်းတွင် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနား မန္တလေးဘူတာကြီးတွင် ကျင်းပ






**မန္တလေး မေ ၁**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁ ရက်မှစတင်၍ ပြေးဆွဲပေးလျက်ရှိသည်။

အမှတ်(၆)အစုန်ရထား မန္တလေးမှ ရန်ကုန်သို့ ခရီးစဉ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို မြန်မာ့မီးရထား မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ၊ စီမံ)နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်လာစေရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဘက်စုံထောင့်စုံမှ အလေးထား ကြိုးပမ်းအကောင်အထည်ဖော်ဖြည့်ဆည်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုး၏ ကြိုးပမ်းဆောင်ရွက်နေမှုများအနက် ရက်ပေါင်း(၁၀၀) လုပ်ငန်းစီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သော နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းကို နိုင်ငံတော်၏ဘဏ္ဍာငွေကျခံသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်ကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများ အသုံးပြု၍ စတင်ပြေးဆွဲနိုင်ခြင်းသည် ခရီးသွားပြည်သူများအပေါ် ထပ်လောင်းဝန်ဆောင်မှု တိုးမြှင့်ပေးနိုင်ခြင်းဖြစ်ပါကြောင်း၊ ခရီးသွားပြည်သူများ သက်သောင့်သက်သာစွာဖြင့် အချိန်တိုအတွင်း သွားလာနိုင်အောင် ဝန်ဆောင်မှုမြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းသာမက ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုပါကြောင်း၊ ပို့ဆောင်ရေးလုပ်ငန်း ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ၊ စီမံ)က ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း၊ ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ရထားတွဲဆိုင်းများပြေးဆွဲပေးနိုင်ခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ပြောကြားပြီးနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားတွဲဆိုင်းများဖြင့် စတင်ပြေးဆွဲခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် ရှမ်းအကအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့သည်။

၎င်းနောက် ရထားဖြင့် လိုက်ပါစီးနင်းကြသည့် ခရီးသွားပြည်သူများအား ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်၍ လန်းဆန်းစာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး ခရီးသွားပြည်သူများ ရန်ကုန်သို့ ထွက်ခွာသွားကြသည်။

ယခု စတင်ပြေးဆွဲသည့် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားခရီးစဉ်တွင် အမှတ်(၆) အစုန်ရထားသည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့ နေ့စဉ် နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ အမှတ်(၅)အဆန်ရထားသည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ နေ့စဉ် နံနက် ၆ နာရီတွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၄ နာရီတွင်လည်းကောင်း ဆိုက်ရောက်မည်ဖြစ်သည်။

လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားတွဲဆိုင်းတွင် ပထမတန်း(၄)တွဲနှင့် အထက်တန်း(၂)တွဲ စုစုပေါင်း(၆)တွဲဖြင့် ခရီးသည်(၃၁၂)ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကြောင်း၊ သွားလိုသည့်ခရီးစဉ်အတွက် ထိုင်ခုံလက်မှတ်များကို Online Railways Ticketing and Payment (ORTP) System ဖြင့် (၇)ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားများမှာ အထက်တန်း ငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်ကြောင်း၊ ခရီးစဉ်တစ်လျှောက်တွင် ကျောက်ဆည်၊ သာစည်၊ ရမည်းသင်း၊ နေပြည်တော်၊ ပျဉ်းမနား၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာတို့တွင် ရပ်တန့်မည်ဖြစ်ပြီး ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် ၁၀ နာရီ ၁၀ မိနစ်သာ ကြာမြင့်မည်ဖြစ်ကြောင်း၊ ရထားစီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု လူရည်ချွန်မောင်မယ်များအား တွေ့ဆုံ










**မန္တလေး မေ ၁**

ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင် လူရည်ချွန်အပန်းဖြေစခန်း၊ အင်းလေးအပန်းဖြေစခန်း၊ ငွေဆောင်အပန်းဖြေစခန်းနှင့် နေပြည်တော်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု လူရည်ချွန်မောင်မယ်များနှင့်တွေ့ဆုံပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ လူရည်ချွန်စခန်းတာဝန်ခံနှင့် ကြီးကြပ်ဆရာ၊ ဆရာမများ၊ လူရည်ချွန်မောင်မယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထိုက်တန်စွာ ရွေးချယ်ခြင်းခံခဲ့ရသည့် လူရည်ချွန်မောင်မယ်များကို လှိုက်လှဲစွာဂုဏ်ပြုကြိုဆိုပါကြောင်း၊ နိုင်ငံ၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိကိုယ့်ကို ယုံကြည်အားကိုးသည့် စိတ်ဓာတ်များ၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသည့် စိတ်ဓာတ်များ ရှင်သန်ထက်မြက် ခိုင်မာနေစေအောင်နှင့် ဘက်စုံအရည်အသွေးများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး စံနမူနာပြလူငယ်များ၊ လူရည်ချွန် ထပ်ကွမ်းလူငယ်များဖြစ်အောင် ပိုမိုကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု လူရည်ချွန်မောင်မယ် (၅၀)ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမ (၄)ဦးအတွက် စုစုပေါင်း ဂုဏ်ပြုငွေ (၁၀၈)သိန်းကို ချီးမြှင့်ခဲ့ကြောင်း၊ မိတ္ထီလာမြို့မှ လေးထပ်ကွမ်းလူရည်ချွန် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ တွေ့ဆုံ

**ပုသိမ်ကြီး မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်သစ်ကျေးရွာအုပ်စု၊ လက်သစ်ကျေးရွာ၊ သုန္ဒရာမကျောင်းတိုက် ဇေတဝနမဏ္ဍပ်၌ ယနေ့မွန်းလွဲ ၁ နာရီက လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများပူးပေါင်း၍ ကျေးရွာနေပြည်သူများဖြင့် တွေ့ဆုံပွဲကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ကျေးရွာတွင် အစိုးရသစ်ကာလအတွင်း Quick Win လုပ်ငန်းအဖြစ် ရက်ပေါင်း (၁၀၀)အတွင်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ ရပ်ရွာသန့်ရှင်းသာယာလှပစေရေး၊ ကျေးရွာမီးဘေးလုံခြုံစေရေးနှင့် ပြည်သူ့စစ်မှုထမ်းကိစ္စများအား ပြည်သူများနှင့်အတူ ဆွေးနွေးညှိနှိုင်း၍ သိရှိလိုသည်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူ ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

စာနည်းကိုကို(ပြန်/ဆက်)

## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ဆိုင်းဘုတ်တင်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်၊ ယနေ့နံနက် ၇ နာရီက အထိမ်းအမှတ် ဆိုင်းဘုတ်တင်အခမ်းအနားကို အောင်မင်္ဂလာရပ်ကွက်ရှိ မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးရှေ့တွင် ဆောင်ရွက်ခဲ့ပြီး၊ နံနက် ၉ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်ဆိုင်းဘုတ်တင်ခြင်းနှင့် အမွှေးနံ့သာရည် ပက်ဖျန်းပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး၊ ဆိုင်းဘုတ်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ ထို့နောက် နံနက် ၉ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ တပ်ဖွဲ့ဝင် ၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ သွေးလှူဒါန်းအပြီးတွင် မြို့နယ်ဦးစီးမှူး၊ စခန်းမှူးနှင့် ဒုတိယဦးစီးမှူးတို့က သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များအား အချိုရည်၊ ကြက်ဥ၊ အားဆေးကတ်များ ပေးအပ်ခဲ့ကြပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၄၅၆)

# မန္တလေးတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ



**မန္တလေး မေ ၁**

မေလ(၁)ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

၎င်းနောက် တိုင်းဒေသကြီးအလုပ်သမားအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦးက အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက အလုပ်သမားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် Video Clip ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်ခရိုင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ဘော်လီဘောဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ လူငယ်မျိုးဆက်သစ် လူငယ်များ ဗလငါးတန်ဖြင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးကိုပါ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ် ဇွန် ၁၀ ရက်မှ ၁၅ ရက်အထိ တောင်ကြီးမြို့တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဘော်လီဘောအားကစားနည်းသည် နေရာဒေသမရွေးကစားနိုင်သည့် အားကစားနည်းတစ်ခုဖြစ်သည့်အပြင် နည်းစနစ်၊ ပရိယာယ်၊ နည်းဗျူဟာတို့ကို အသုံးချ၍ ကစားရသည့် အားကစားနည်းတစ်ခု ဖြစ်သည့်အတွက် အခြေခံကျသော နည်းစနစ် လေးမျိုးကို ကျွမ်းကျင်သေသပ်စွာ တတ်မြောက်ရန် အရေးကြီးပါကြောင်းနှင့် အောင်မြင်မှုရရှိနိုင်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ပေးအပ်ပြီး အမျိုးသားဘော်လီဘောပြိုင်ပွဲ ပွဲဦးထွက်ပွဲစဉ်အဖြစ် အောင်မြေသာစံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲကို မေ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိ

**ဂန့်ဂေါ မေ ၁**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစမှ အသက် ငါးနှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများကို ဂန့်ဂေါခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ထိုးနှံ၊ တိုက်ကျွေး ပေးလျက်ရှိသည်။

ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးရာတွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး၊ ပိုလီယိုအကြောသေကာကွယ်ဆေး(သောက်ဆေး၊ ထိုးဆေး)၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေးများကို ကလေးများ၏ အသက်အရွယ် အပိုင်းအခြားအလိုက် သတ်မှတ်အကြိမ်အရေအတွက်အတိုင်း ထိုးနှံ၊ တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့-မေးခိုင် ကာကွယ်ဆေးများကို ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးများထိုးနှံရာသို့ ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ အနောက်ဂန့်ဂေါ၊ ရွှံးရှီ၊ အုတ်လှ၊ ဇာပဟော၊ မကျည်းခင်၊ ပြစ်မ၊ လယ်မ၊ ကန်သာ၊ ကုန်းရွာ၊ ကျွန်းဒတ်၊ စန်းမြို့၊ နမ်းခါး၊ တော်ဝင်၊ ကျဲနန်းနှင့် မြင်းသာကျေးရွာများမှလည်းကောင်း ထီးလင်းမြို့နယ်အတွင်းရှိ မျက်မြှောင်၊ လယ်ကန်း၊ မြစ်ကိုင်း၊ ရွှဲ၊ ငှက်ပျင်း၊ ကံသာ၊ မိုးကောင်းနှင့် ရေပုတ်ကျေးရွာများမှ လည်းကောင်း ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးများလာရောက်၍ ထိုးနှံခဲ့ကြရာ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းကို ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ လမ်းညွှန်မှုအပေါ် ခရိုင်ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး-၁ ဦးထွန်းဇော်လင်း ဦးဆောင်သည့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များကို မေ ၁ရက်မှ ၅ ရက်အထိ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကာကွယ်ဆေးများကို ဆက်လက်၍ ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မျိုးမင်း(ပြန်/ဆက်)**

# မဟာအေးစေတီတွင် သန့်ရှင်းရေး ဆောင်ရွက်

**ချောက် မေ ၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ



အမှတ်(၁၀)ရပ်ကွက်ရှိ မဟာအေးစေတီမြတ်စွာဘုရား၌ ယနေ့နံနက် ၇ နာရီက သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ချောက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀ ဦးတို့ဖြင့် မဟာအေးစေတီဘုရားရင်ပြင်အား တံမြက်စည်း လှည်းခြင်း၊ ရေဖြင့် ဆေးကြောကာ သန့်ရှင်းရေး ပြုလုပ်ခြင်း၊ မဟာအေးစေတီမြတ်စွာဘုရားအား ရေသပ္ပာယ် ပူဇော်ခြင်း၊ ဘုရားပန်းများ ကပ်လှူခြင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ ရောင်တော်ဖွင့်ခြင်းတို့ကို စုပေါင်း ဆောင်ရွက် ကုသိုလ်ယူကြကြောင်း သိရသည်။

(ဓါတ်ပုံ)

**ဝင်းအိမွန်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

# ဖောင်းပြင်မြို့နယ်တွင် နိုင်ငံသားကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်

**ဖောင်းပြင် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှအစိုးရသစ် ရက်(၁၀၀)စီမံချက်ဖြင့် အသက်(၁၀)နှစ် ပြည့်နိုင်ငံသားစိစစ်ရေးကတ်များနှင့်အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးခြင်းကို မေ ၁ ရက် နံနက် ၁၀ နာရီက ကုန်းအောက်တောင်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးမင်းအောင်က ရက်(၁၀၀)စီမံချက်ကာလမှာ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် မကိုင်ဆောင်ရသေးသောပြည်သူများနှင့် အိမ်ထောင်စုလူဦးရေ စာရင်းမရရှိသေးသောပြည်သူများအား ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားကာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဦးဇော်လင်းအောင်က စာဖတ်ရှိန်မြှင့်တင်ရေးသိကောင်းစရာများအကြောင်းကို ဟောပြောခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မင်းထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူများအား နေ့ချင်းပြီးလက်ဝယ်အရောက် ထုတ်ပေးခဲ့သည်။

ကျန်ရှိသည့်ရပ်ကွက်၊ ကျေးရွာများတွင်လည်းကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၉၄)

ဝ-ဝ-ဝ-ဝ-ဝ

# ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်လှစ်

**ခန္တီး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ ဇွန်လအထိ ရက်(၁၀၀) အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ဖြစ်သည့် ကောင်းမွန်သော ဝက်မွေးမြူရေးကျင့်စဉ် သင်တန်း ဖွင့်ပွဲအခမ်းအနားကို ခန္တီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရုံးခန်းမ၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

ဦးစွာ ခန္တီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇေယျာသွင်က အဖွင့်အမှာစကားပြောကြားပြီး ခန္တီးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ခိုင်ထွေးက ဒေသအတွင်း ဝက်မွေးမြူရေးပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး အသားထုတ်လုပ်မှု မြင့်တက်လာစေရန်၊ နည်းစနစ်မှန်ကန်စွာ မွေးမြူနိုင်စေရန်၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်း ဆောင်ရွက်နိုင်စေရန်နှင့် One Village One Product ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းအားပြုလုပ်ရာ ခန္တီးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးက ဝက်အမျိုးအစားများ၊ ဝက်မွေးမြူမည့်ခြံနေရာ ရွေးချယ်ခြင်းနှင့် ဝက်ခြံဆောက်လုပ်ခြင်း၊ မျိုးစပ်ခြင်းနှင့် မျိုးပွားခြင်းဆိုင်ရာ အချက်အလက်များ၊ ကိုယ်ဝန်ဆောင်ခြင်းနှင့် သားဖွားခြင်း၊ ဝက်ကလေးပြုစုစောင့်ရှောက်ခြင်း၊ အစာနှင့်ရေတိုက်ကျွေးခြင်း၊ ဝက်များတွင် ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ဆေးထိုးခြင်းဆိုင်ရာကိစ္စရပ်များစသည့် အကြောင်းအရာများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် သင်တန်းသားများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ခန္တီးမြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ဧပြီ ၂၈ ရက်မှ မေ ၂ ရက်နေ့အထိ (၅)ရက် တာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ





# မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်ကြီး မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စူဠာမုနိလောကချမ်းသာစေတီတော်၌ မေ ၁ ရက် နံနက် ၇ နာရီခွဲက နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။(**အပေါ်ပုံ**)

ရှေးဦးစွာ တောင်ကြီး-ဟိုပုံး သွားလမ်းရှိ တောင်ကြီးခရိုင် မီးသတ်ရုံးရှေ့၌ ၂၀၂၆ ခုနှစ် နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်စိုက်ထူရာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ထို့နောက် ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနလက်အောက်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် ဘုရားပရဝဏ်အတွင်းအပြင်နှင့် ရင်ပြင်တော်ရှိ အမှိုက်များ ရှင်းလင်းခြင်း၊ ဆေးကြောခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဆယ်ယူခြင်းများ ဆောင်ရွက်ကြသည်။

နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် သွေးလှူဒါန်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၈)

ဝ-ဝ-ဝ-ဝ-ဝ

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

❑ စာမျက်နှာ ၂၄ မှ

အဆိုပါ ဖမ်းဆီးရမိသူများ၏ ကနဦးထွက်ဆိုချက်အရ ၎င်းတို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလောင်းကစား လုပ်ကိုင်နေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဖော်ထုတ် ဖမ်းဆီးလျက်ရှိသဖြင့် တရုတ်နိုင်ငံသို့ ပြန်ရန်အတွက် တောလမ်းအတိုင်း ထွက်ပြေးလာစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦးအား ဖမ်းဆီးရမိသည့် နေရာပြပုံ






## ဘော်ဂျာကော်တီနာ လီဗန်တေးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် မေ ၁**

လီဗန်တေးအသင်းသည် အသင်းလူငယ်နောက်ခံကစားသမား ဘော်ဂျာကော်တီနာကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုး



စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသည့်အပြင်၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လီဗန်တေးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

လီဗန်တေးအသင်းထုတ်ပြန်ချက်တွင် "ဘော်ဂျာကော်တီနာအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကစားသမားတွေကို စာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

## နည်းပြ စကော့ပါကားကို နည်းပြရာထူးမှ ဘန်လေအသင်းထုတ်ပယ်

**လန်ဒန် မေ ၁**

ဘန်လေအသင်းသည် အသင်းနည်းပြ စကော့ပါကားကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

ဘန်လေအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရခြင်းကြောင့် နည်းပြ စကော့ပါကားကို နည်းပြရာထူးမှထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

ဘန်လေအသင်းထုတ်ပြန်ချက်တွင် "နည်းပြ စကော့ပါကားအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)

## မိုရီတာကို ခေါ်ယူရန် လီဒ်စ်အသင်း စိတ်ဝင်စား

**လန်ဒန် မေ ၁**

လီဒ်စ်အသင်းသည် စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ်ကစားသမား မိုရီတာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၆ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဒ်စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မိုရီတာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ (အောက်ပုံ)

ထို့ကြောင့် လီဒ်စ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းထံမှ မိုရီတာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း အက်ရှ်လေယန်းပြောကြား

**လန်ဒန် မေ ၁**

အစ်ဆွစ်ချ်အသင်းနောက်ခံကစားသမား အက်ရှ်လေယန်းက မိမိအနေဖြင့် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် မန်ယူ၊ အင်တာမီလန်၊ အက်စတွန်ဗီလာ၊ အဲဗာတန်၊ ဝက်ဖို့ဒ်၊ အစ်ဆွစ်ချ်စသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်လည်း ပြိုင်ပွဲပေါင်း ၃၉ပွဲကစားကာ ခုနစ်ဂိုးထိ သွင်းယူထားသည်။

အသက်(၄၀)နှစ်အရွယ်ရှိ အက်ရှ်လေယန်းက "ကျွန်တော် ကစားသမားဘဝမှ အနားယူတော့မှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (အပေါ်ပုံ)

အစ်ဆွစ်ချ်အသင်း နောက်ခံကစားသမား အက်ရှ်လေယန်းသည် ကျူပီအာအသင်းနှင့် ရာသီသိမ်းပွဲစဉ်ကစားပြီးနောက် ကစားသမားဘဝမှ အနားယူသွားမည်ဖြစ်သည်။ (NGB)

## မိုင်နူး မန်ယူအသင်းနှင့် ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မေ ၁**

မန်ယူအသင်းသည် အသင်းကွင်းလယ်ကစားသမား မိုင်နူးကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုး




စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ယူအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၈ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ မိုင်နူးက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>ညနေ ၆း၃၀နာရီ | (၃)ဗီလာရီးရဲလ် - လီဗန်တေး(၁၉)<br>(W,L,W,D,W) (W,L,W,W,D) | ဗီလာရီးရဲလ် ၅-၀ လီဗန်တေး<br>လီဗန်တေး ၂-၀ ဗီလာရီးရဲလ် |
| ၂-၅-၂၀၂၆<br>ည ၈း၄၅နာရီ | (၁၂)ဗလင်စီယာ - အက်သလက်တီကို(၄)<br>(W,L,L,D,W) (L,L,L,W,D) | ဗလင်စီယာ ၀-၃ အက်သလက်တီကို<br>အက်သလက်တီကို ၃-၀ ဗလင်စီယာ |
| ၂-၅-၂၀၂၆<br>ည ၁၁း၀၀နာရီ | (၁၆)အလာဗက်စ် - ဘီလ်ဘာအို(၁၀)<br>(W,D,D,L,W) (W,L,L,W,L) | အလာဗက်စ် ၁-၁ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၁-၀ အလာဗက်စ် |
| ၃-၅-၂၀၂၆<br>နံနက် ၀၁း၃၀နာရီ | (၉)အိုဆာဆူနာ - ဘာစီလိုနာ(၁)<br>(W,D,D,L,W) (L,W,W,W,W) | အိုဆာဆူနာ ၄-၂ ဘာစီလိုနာ<br>ဘာစီလိုနာ ၃-၀ အိုဆာဆူနာ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>ည ၈း၀၀နာရီ | (၇)ဖရန့်ဖတ် - ဟမ်းဘတ်(၁၅)<br>(L,D,W,L,D) (L,D,L,L,L) | ဖရန့်ဖတ် ၀-၀ ဟမ်းဘတ်<br>ဟမ်းဘတ် ၀-၃ ဖရန့်ဖတ် |
| " | (၅) ဟော်ဖန်ဟိမ်း - စတုဂတ်(၄)<br>(L,L,D,W,W) (L,W,L,W,D) | ဟော်ဖန်ဟိမ်း ၁-၁ စတုဂတ်<br>စတုဂတ် ၁-၁ ဟော်ဖန်ဟိမ်း |
| " | (၁)ဘိုင်ယန်မြူးနစ် - ဟိုင်ဒန်ဟိမ်း(၁၈)<br>(W,W,W,W,L) (D,D,W,L,W) | ဘိုင်ယန်မြူးနစ် ၄-၂ ဟိုင်ဒန်ဟမ်း<br>ဟိုင်ဒန်ဟိမ်း ၀-၄ ဘိုင်ယန်မြူးနစ် |
| " | (၁၃)ယူနီယံဘာလင် - ကိုလုံး(၁၄)<br>(L,D,L,L,L) (D,D,W,D,L) | ယူနီယံဘာလင် ၂-၀ ကိုလုံး<br>ကိုလုံး ၃-၂ ယူနီယံဘာလင် |
| " | (၁၂)ဝါဒါဘရီမင် - အော့စ်ဘတ်(၉)<br>(W,L,L,W,D) (L,D,D,W,D) | ဝါဒါဘရီမင် ၀-၂ အော့စ်ဘတ်<br>အော့စ်ဘတ် ၂-၂ ဝါဒါဘရီမင် |
| ၂-၅-၂၀၂၆<br>ည ၁၁း၀၀နာရီ | (၆)လေဗာကူဆင် - လိုက်ပဇစ်(၃)<br>(W,W,L,L,W) (W,W,W,W,W) | လေဗာကူဆင် ၂-၃ လိုက်ပဇစ်<br>လိုက်ပဇစ် ၂-၂ လေဗာကူဆင် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>ည ၇း၃၀နာရီ | (၁၁)အူဒီးနီစ် - တိုရီနို(၁၃)<br>(W,D,W,L,D) (L,W,W,D,D) | အူဒီးနီစ် ၂-၂ တိုရီနို<br>တိုရီနို ၂-၀ အူဒီးနီစ် |
| ၂-၅-၂၀၂၆<br>ည ၁၀း၃၀နာရီ | (၅)ကိုမို - နာပိုလီ(၂)<br>(D,L,L,L,W) (W,W,D,L,W) | ကိုမို ၂-၁ နာပိုလီ<br>နာပိုလီ ၃-၁ ကိုမို |
| ၃-၅-၂၀၂၆<br>နံနက် ၀၁း၄၅နာရီ | (၇)အတ္တလန်တာ - ဂျီနိုအာ(၁၄)<br>(W,L,D,L,L) (L,L,W,W,L) | အတ္တလန်တာ ၅-၁ ဂျီနိုအာ<br>ဂျီနိုအာ ၂-၃ အတ္တလန်တာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>ည ၉း၃၀နာရီ | (၁)ပီအက်စ်ဂျီ - လိုရီယန့်(၉)<br>(W,L,W,W,W) (L,D,L,W,L) | ပီအက်စ်ဂျီ ၀-၀ လိုရီယန့်<br>လိုရီယန့် ၁-၄ ပီအက်စ်ဂျီ |
| ၂-၅-၂၀၂၆<br>ည ၁၁း၃၀နာရီ | (၁၈)မက်ဇ် - မိုနာကို(၇)<br>(D,L,L,D,D) (W,W,L,D,D) | မက်ဇ် ၂-၅ မိုနာကို<br>မိုနာကို ၂-၁ မက်ဇ် |
| ၃-၅-၂၀၂၆<br>နံနက် ၀၁း၄၅နာရီ | (၁၅)နိစ် - လန်းစ်(၂)<br>(L,D,D,W,D) (L,W,W,W,D) | နိစ် ၂-၀ လန်းစ်<br>လန့်စ် ၀-၀ နိစ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂-၅-၂၀၂၆<br>ည ၈း၃၀နာရီ | (၉)ဘရန့်ဖို့ဒ် - ဝက်စ်ဟမ်း(၁၇)<br>(D,D,D,D,L) (L,L,W,D,W) | ဘရန့်ဖို့ဒ် ၁-၁ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၀-၁ ဘရန့်ဖို့ဒ် |
| " | (၁၄)နယူးကာဆယ် - ဘရိုက်တန်(၆)<br>(L,L,L,L,L) (W,W,W,D,W) | နယူးကာဆယ် ၀-၁ ဘရိုက်တန်<br>ဘရိုက်တန် ၁-၁ နယူးကာဆယ် |
| " | (၂၀)ဝုဖ် - ဆန်းဒါးလန်း(၁၂)<br>(L,D,L,L,L) (L,W,W,L,L) | ဝုဖ် ၂-၁ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၀-၀ ဝုဖ် |
| ၂-၅-၂၀၂၆<br>ည ၁၁း၀၀နာရီ | (၁)အာဆင်နယ် - ဖူလ်ဟမ်(၁၀)<br>(L,D,L,W,D) (D,W,L,D,W) | အာဆင်နယ် ၂-၁ ဖူလ်ဟမ်<br>ဖူလ်ဟမ် ၁-၁ အာဆင်နယ် |

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆)အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**လားရှိုး မေ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုယ်စားပြုပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ "ရှမ်း" နှင့် "ဝ" တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦးက ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" (For Every Generation, Vaccines Work) က ပုံဖော်ထားသည့် Documentary Story နှင့် တေးသီချင်း ဗီဒီယိုများအား ပြသခဲ့သည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် ပြခန်းငယ်အားလှည့်လည်ကြည့်ရှုခဲ့ပြီး ရင်သွေးငယ်များကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုအခြေအနေများအား ကြည့်ရှုအားပေးကာ ရင်သွေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

လူမော်(ပြန်/ဆက်)

*-*-*-*-*



# ပွင့်ဖြူမြို့နယ်၌ မတ်ပဲနှင့် ပဲကျား ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲနှင့် ပဲကျားသီးနှံဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၇၂ ဧကနှင့် ပဲကျား ၁၈ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ မတ်ပဲနှင့် ပဲကျားစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီမှ စတင်ရိတ်သိမ်းခဲ့ရာ ဧပြီ ၂၉ ရက်တွင် ဧကအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် မတ်ပဲ တစ်ဧကလျှင် ၁၆ ဒသမ ၃၀ တင်း၊ ပဲကျား တစ်ဧကလျှင် ၁၆ ဒသမ ၆၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ မတ်ပဲ ၇၂ နဲ့ ပဲကျား ၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲ့ဒီ စိုက်ပျိုးထားတဲ့ မတ်ပဲနဲ့ ပဲကျား စိုက်ခင်းတွေ လက်ရှိမှာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ တောင်သူတွေကို ပဲသီးနှံတွေ စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်း တိုးတက်စေဖို့၊ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲနှင့် ပဲကျား စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းများ တိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ မြေဩဇာနှင့် သွင်းအားစုများ မှန်မှန်ကန်ကန် သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများ စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# သဘာဝရေထွက်တော၊ သဘာဝရေထိန်းတောနှင့် ကြားခံဇရိယာသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လျာထားနေရာအား ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ထန်ကျန့်ကျေးရွာအုပ်စု၊ ကော်ဆမ်မိန်းကျေးရွာ၌ သဘာဝရေထွက်တော၊ သဘာဝရေထိန်းတောနှင့် ကြားခံဇရိယာသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လျာထားနေရာအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

(ယာပုံ)

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ သစ်တောဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ၊ ရပ်ဖများက Google Map မြေပုံ၊ တည်နေရာပြမြေပုံ၊ သဘာဝရေထွက်တော ထိန်းသိမ်းရေးဇရိယာ၊ အမာခံနယ်မြေ၊ ကြားခံနယ်မြေဇရိယာသတ်မှတ်ခြင်း စသည့် ရေအရင်းအမြစ် ရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ လျာထားနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အမျိုးသမီးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်အတူ မြို့နယ်ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေး(မြို့ပေါ်လုံခြုံရေးတာဝန်)အဖွဲ့ဝင်တစ်ဦး၏ ဈာပနဆောင်ရွက်နိုင်ရေးအတွက် ကျန်ရစ်သူမိသားစုအား ငွေကျပ် ၅၅၀၀၀၀ ပေးအပ်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း



# ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပ

**ရပ်စောက် မေ ၁**

စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ဟွေးကျေးရွာအုပ်စု၊ နောင်မိုင်းကွင်း၌ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက အဖွင့်အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပညာပေးစံပြကွက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြား၍ တောင်သူဦးတင့်ထူးဇော်က စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ ဆောင်ရွက်မှု အဆင့်တိုင်း မှတ်တမ်းထားရှိပြီး ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီးနောက် တက်ရောက်လာသူများအား ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျ ကိုင်တွယ်သုံးစွဲနိုင်ရေးအတွက် ဆေးဖျန်းအကာအကွယ် ဝတ်စုံများ (PPE) နှင့် Face Shield များ၊ နည်းပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးအပ်ခဲ့ပြီး တောင်သူများ သိရှိလိုသည်များကိုလည်း သက်ဆိုင်ရာပညာရှင်များက ဖြေကြားပေးခဲ့သည်။



အဆိုပါ ထွက်ရှိလာသော သီးနှံများ၏ ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုအား စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ ISO/IEC 17025 နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရရှိထားသော စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ပညာပေး စံပြကွက်များအား (၁)ပဲခူးတိုင်းဒေသကြီး (၂)ရန်ကုန်တိုင်းဒေသကြီး၊ (၃) ဧရာဝတီတိုင်းဒေသကြီး၊ (၄) မန္တလေးတိုင်းဒေသကြီး၊ (၅) မကွေးတိုင်းဒေသကြီး၊ (၆)နေပြည်တော်ကောင်စီနယ်မြေတို့တွင် ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများ ဆောင်ရွက်ခဲ့ပြီး ရှမ်းပြည်နယ်၌ မတ်ပဲ၊ ပဲတီစိမ်းသီးနှံအစား ဒေသအတွင်း စိုက်ပျိုးဖြစ်ထွန်းမှုကောင်းပြီး ဈေးကွက်အလားအလာကောင်းသည့် ပဲပုပ်သီးနှံကို ဦးစားပေးရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၃၆၈)

သစ်တောသစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရှေ့တိုက်ကိုပိုး။

## ရတနာပုံတက္ကသိုလ်၌ (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၁**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူး၍ ပါမောက္ခချုပ် ဒေါက်တာတင့်မိုး သူဇာ အမှူးပြုသော ဒုတိယ ပါမောက္ခချုပ်များနှင့် သင်ကြား၊ စီမံပညာရေးမိသားစုများ စုပေါင်း၍ (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ရတနာပုံဆုတောင်းပြည့်မြတ်စွာဘုရားရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ ဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာ ဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများက ရတနာပုံဆုတောင်းပြည့်ဘုရားရှိ မဟာဗောဓိညောင်ပင်ကို သုံးပတ်လှည့်ကာ ညောင်ရေသွန်းခြင်းမင်္ဂလာ ကျင်းပသည်။



ထို့နောက် ဒုတိယပိုင်း အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အမရပူရမြို့နယ်၊ တောင်သမန်တိုက်နယ် သံဃနာယကဥက္ကဋ္ဌ၊ ရွှေဘုံသာကျောင်းတိုက် နာယကဆရာတော် အရှင်ဇာဂရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ဆရာတော် အရှင်ဇာဂရက အနုမောဒနာတရားချီးမြှင့်ခဲ့ပြီး ပါမောက္ခချုပ်နှင့် ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၈၂)

## အိမ်တော်ရာစေတီတော် ရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေးများ ဆောင်ရွက်

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မဟာလောကရံသီ အိမ်တော်ရာစေတီတော် ရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ထို့သို့ ရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၏ ဦးဆောင်၍ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ဦးဖြင့် ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကျင်းပရေး ဦးစီးကော်မတီနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မဟာလောကရံသီ အိမ်တော်ရာစေတီတော်အား အလှူတော်ငွေများ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်လုံးချမ်းသာပရဟိတ ဘုန်းတော်ကြီးကျောင်းတွင်ရှိသော တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများနှင့် မိဘမဲ့ကလေးသူငယ်များအား နေ့လယ်စာအာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်းနှင့် ကျောင်းထိုင်ဆရာတော်အား နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၆)

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**အမရပူရ မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အင်အားဝန်ကြီးဌာနရုံးမှ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ နန်းတော်ရာစံပြကွက်သစ်၊ နယ်မြေ(၅)ရှိ ရပ်ကွက်မှာရုံ၌ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား၊ ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မြို့နယ်ဦးစီးမှူး ဦးထင်အောင်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



ကွင်းဆင်းဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်အောင်ထက်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စောမြိုင်၊ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ကြသူများနှင့် ပြည်သူများတက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးက နိုင်ငံသားစိစစ်ရေးကတ်အရေးပါကြောင်း အကြောင်းအရာများကိုပြောကြားခဲ့သည်။ ထို့နောက် ကွင်းဆင်းဆောင်ရွက်မှုမှရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်များအား ပြည်သူ့လက်ဝယ်အရောက် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ယနေ့အချိန်ထိ အသက် ၁၀ နှစ်မှ ၁၈ နှစ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၄၈၇ ကတ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရုံး မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(ဝဲပုံ)

**စိုးသီဟ(အမရ)**

## နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြို့သစ် မေ ၁**

၂၀၂၆ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဘုရား၊ စေတီပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မင်းရပ်ကွက်ရှိ သာလေးသာ သမိုင်းဝင် လှိုင်နံ့သာစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေယာဉ်အသုံးပြု၍ လှိုင်နံ့သာစေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော် သန့်ရှင်းရေးပြုလုပ်ခြင်း၊ စေတီတော် ပရိဝုဏ်အတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းများအား မီးသတ်တပ်ဖွဲ့ဝင်များက ကုသိုလ်ပြုစုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**



လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လားရှိုး မေ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ခရိုင်နှင့် မြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရက်(၁၀၀)စီမံချက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေး ပြည့်မီစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက လားရှိုးမြို့ရှိ အဆိုပါ ပြည်နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများက မိမိတို့ မြို့နယ်အလိုက် ကျေးလက်ကုန်ထုတ်လမ်းနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်မည့် အစီအစဉ်များနှင့် စီမံကိန်းလုပ်ငန်းများ၏ လက်ရှိတိုးတက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယခုဘဏ္ဍာနှစ်အတွင်း ရက်(၁၀၀)စီမံချက်ဖြင့် တန့်ယန်းမြို့နယ်၊ သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်နှင့် မိုင်းရယ်မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည့်အပြင် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများအတွက်လည်း များစွာအထောက်အကူပြုတော့မည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ) **မောင်နိုင်**



# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အမှတ်တရ

၂၀၂၆ခုနှစ် ကဆုန်လပြည့်နေ့၌ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်ကျင်းပပြုလုပ်ခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည် နှစ်ပေါင်း(၇၀)တင်းတင်း ပြည့်လေပြီဖြစ်သည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ဘုရားရှင်၏ တရားတော်များ မပျက်စီး မပျောက်ပျက်ရလေအောင် ဘုရားရှင်၏ တရားဓမ္မများအား ကျွမ်းကျင်တတ်ကျွမ်းသော သံဃာတော်များ စုပေါင်းပြီး ဗုဒ္ဓ၏ ဓမ္မအား သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်ရန်အတွက် စစ်မှန်သော ဓမ္မကိုသာ သံဃာများ၏ သဘောတူညီမှု ရယူကာ ရွတ်ဖတ်မှတ်တမ်းတင် အတည်ပြုကြခြင်းကို သင်္ဂါယနာတင်ခြင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ မင်းနှင့်ပြည်သူများက ပံ့ပိုးကူညီခဲ့ကြ၍ သင်္ဂါယနာ (၆) ကြိမ်တိုင်တိုင် စုပေါင်း တင်နိုင်ခဲ့ကြပြီး ဗုဒ္ဓသာသနာ့အမွေအား မပျက်စီးမပျောက်ပျက်ရလေအောင် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသည့် အောင်ပွဲနေ့လည်း ဖြစ်ပါသည်။

အမှန်တကယ်တော့ ဗုဒ္ဓသာသနာတော်သည် သာသနာတော်စတင်သည်နှင့်တစ်ပြိုင်နက် တဖုဿနှင့် ဘလ္လိက ညီနောင်ကုန်သည် နှစ်ဦး ကျေးဇူးဖြင့် မြန်မာနိုင်ငံသို့ ဂေါတမဘုရား ရှင်၏ ဆံတော်နှင့်အတူ ရောက်ရှိခဲ့သည်မှာ မြတ်မော်တင် စေတီတော်နှင့် ရွှေတိဂုံစေတီတော်ကြီးများက သက်သေတည်နေပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ တည်တံ့လာခဲ့သည်မှာ ယခုအခါ သာသနာတော် သက္ကရာဇ်နှင့်အညီ နှစ်ပေါင်း ၂၅၇၀ ပြည့်နှစ် ရှိခဲ့ပြီဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓဝင်သမိုင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင်လည်း မြန်မာနိုင်ငံမှ တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် ဂေါတမဘုရားရှင်အား ပထမဆုံး ဆွမ်းကပ်ခွင့်ရသူနှင့် ပထမဆုံး သရဏဂုံတည်ခဲ့သူများဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ကြပါသည်။ 'ဗုဒ္ဓ၏ တရားတော်များသည် ကျင့်စဉ်တရားများသာဖြစ်၍ ဘာသာဆိုသည်ထက် ကျင့်သုံးရမည့် တရားများသာ ဖြစ်ကြောင်း' တရားပြ ဆရာကြီး ဂိုအင်ကာက ပြောခဲ့ဖူးပါသည်။ ဗုဒ္ဓဘာသာကို နားလည်ဖို့ဆိုသည်မှာ ဗုဒ္ဓ၏ တရားတော်များမှ အနှစ်သာရများကို သိရှိကြဖို့ အထူးလိုအပ်ပါသဖြင့် အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဆိုလေ့ဆိုထရှိသည့် စကားပုံတစ်ခုရှိသည်။ **'ကျမ်းလျှောက်တော့ မဆုံး၊ ကျမ်းပေါက်တော့ တစ်လုံး'** ဆိုသည့်စကားပင်ဖြစ်သည်။ အချို့သော ပညာအခြေခံရှိသူများ(ဝါ)ပညာတတ်များသည် လက်တွေ့မကျင့်ကြံဘဲ တရားစာပေများကို လိုက်လံဖတ်ရှုရင်း အချိန်ကုန် လူပန်းကာ ကျမ်းလျှောက်တော့မဆုံးဖြစ်နေတတ်ပါသည်။

စလေဦးပုညက 'ဘုရားမကြိုက်တဲ့လူစု' ဟု စာဖွဲ့ခဲ့ဖူးပါသည်။ 'သောမနဿ သဟဂုတ်၊ လက်ဖက်က သုံးလေးလုပ်၊ ဒိဋ္ဌိကတ သမ္ပယုတ်၊ ကြက်သွန်ကြော်များများနှင့် ဗိုက်ကားအောင်တုတ်ပြီးလျှင် သရုပ်များခွဲလေဟန်၊ လက်လေးသစ်လောက် စာတိုကို ဝိဂြိုဟ်တွေ ကျင်းပြီးလျှင် အငြင်းက ကြောက်ဖွယ်သန်'……… စသည် စသည်ဖြင့် လက်ဖက်ကလေးစားလိုက်၊ သဂြိုဟ်ကို ခွဲခြားစိတ်ဖြာကာ တရားစကားတွေပြောလိုက်နှင့် စားကောင်းသောက်ကောင်း တရားစကားပြောနေသူကို သရုပ်ဖော်ကာထိုသို့သော သူမျိုးကို ဤကဲ့သို့ တန်ဖိုးဖြတ်ခဲ့ပါသည်။ 'အလှူ မသာ ရှိလေရာတွင် လည်ကာဝါကြွား လက်ဖက်စားသည် ဘုရားမကြိုက်တဲ့ လူစုတည်း' ဟူ၍ လူအထင်ကြီး ခံရယုံ စကားဝိုင်းထဲတွင် ပြောနိုင်ဆိုနိုင်သူအဖြစ် ဝင်ဆံ့ရုံမျှဖြင့် တကယ်တရားနှင့် မတွေ့နိုင်ပါလေ။ တံဆိပ်ကပ်ထားရုံမျှဖြင့်လည်း တရားရှိသူအဖြစ် သတ်မှတ်၍ ရကောင်းသည် မဟုတ်။ မည်သည့် တံဆိပ်မှကပ်မထားသည့်တိုင် တရားရှိသူက တရားရှိနေတတ်ပါသည်။

မြန်မာ့သာသနာသမိုင်းတွင် ထင်ရှားသော ရဟန္တာဟု သမုတ်ခံရသည့် ဆရာတော်ကြီး တစ်ပါး ရှိခဲ့ဖူးပါသည်။ စွန်းလွန်းဆရာတော် ဦးကဝိ (၁၈၇၈-၁၉၅၂ ) တရားစာပေတို့ကို မလေ့လာနိုင်ဘဲ မင်းစေအဖြစ်လည်းကောင်း၊ သူရင်းငှားလယ်သမားအဖြစ်လည်းကောင်း၊ မိသားစုကိုပြုစု လုပ်ကျွေးနေရာမှ တစ်နေ့ လယ်ထွန်ရင်း တရားသဘောကိုသိမြင်ပြီး ကိုရင်ကြီးဝတ်၍ တရားကျင့်ခဲ့ရာ ကိုရင်ဘဝနှင့် ရဟန္တာဖြစ်ခဲ့သူဖြစ်သည်။ ဆရာတော်ကြီးများနှင့်တရားစစ်သည့်အခါ ဦးကဝိ ရရှိသော တရားသည် မဂ်တရားဖိုလ်တရား မှန်ကန်ကြောင်း ဆရာတော်ကြီးများက ထောက်ခံကြပြီးရဟန်းပြုစေခြင်းခံခဲ့ရသည့် ဆရာတော်လည်း ဖြစ်ပါသည်။ ကျမ်းပေါက်တော့တစ်လုံး ဆိုသည့် စကားကို သက်သေပြသွားသည့် ဆရာတော်ကြီး ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တွေ ပရိတ်ရွတ်ရသည်ကို အလွန်အားသန်ကြပါသည်။ ပရိတ်တော်တွေဆိုတာ လက်တွေ့ကျင့်ကြံဖို့ ဘုရားကဟောထားတာတွေပါ၊ မေတ္တာသုတ်ဆိုတာ မေတ္တာထား ကြဖို့ပါ။ အခုတော့ မေတ္တာသုတ်သာရွတ်နေတာ မေတ္တာမပွား၊ မေတ္တာမထား ၊ လူမှုကွန်ရက် တွေကိုကြည့်ရင် ဒေါသနဲ့ အမုန်းတရားတွေနဲ့ ပြည့်နှက်နေပါသည်။ လက်ရှိကမ္ဘာပေါ်ရှိမတည်ငြိမ်မှုတွေသည်လည်း ဒေါသကို အခြေခံ၍ ဖြစ်နေရခြင်းဖြစ်သည်။ မင်္ဂလသုတ်ကို ရွတ်မြဲရွတ်နေကြပါသည်။ လက်တွေ့မကျင့်ကြပါ။ (၃၈)ဖြာသော မင်္ဂလာတရားတော်တွေဟာ ရွတ်ဆိုနေတာထက် လက်တွေ့ကျင့်ကြံလိုက်နာ ကျင့်သုံးခြင်းကသာ အကျိုးများပါသည်။ ဆက်လက်၍ တရားထိုင်ခြင်းအကြောင်း အနည်းငယ်ရှင်းပြရမည်ဆိုလျှင် အဘိဓမ္မာသဘောအရဆိုလျှင် ကမ္မဋ္ဌာန်း တရား အမျိုးအစား(၄၀) ရှိပါသည်။ဆိုလိုသည်မှာ တရားထိုင်တရားမှတ်နည်း(၄၀)ရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အချို့က တင်ပလ္လင်ခွေ ထိုင်မှတ်တာတစ်ခုကိုပဲ တရားထိုင်တာဟု ထင်မှတ်ယူဆနေကြသည်။ တကယ်တော့ ဘုရားရှင်လက်ထက် အနီးကပ်ပြုစုနေသော အဂ္ဂသာဝကကြီး ရှင်အာနန္ဒာ၏ တရားရရှိပုံမှာ ထူးခြားလှသည့် လျောင်း၊ ထိုင်၊ ရပ်၊ သွား အရိယာပုတ်လေးပါးလုံးမှ လွှတ်ကင်းချိန်တွင် တရားရရှိခဲ့ကြောင်းဖတ်ရှုမှတ်သားရဖူးပါသည်။ သည်နေရာမှာ တရားဆိုသည်မှာ အဆင့်ဆင့်ရှိသည် အမျိုးအစား ကွဲပြားသည်ကို သတိပြုကြရမည်၊ အဓိကအနေဖြင့် သမထနှင့် ဝိပဿနာဟူ၍ ကွဲပြားပါသည်။ သမထဟူသည်မှာ တစ်စုံတစ်ခုကို သတိထားပြီး အာရုံစိုက် မှတ်သားရသော တရားရှုနည်း ဖြစ်ပါသည်။ အချို့ကလည်း သမထရှုမှတ်သည်ကို ကသိုဏ်းရှုမှတ်သည်ဟု ပြောကြသည်။ သမထ၏ အကြမ်းဖျင်းသဘောမှာ တစ်စုံတစ်ခုကို စူးစိုက်မှတ်ယူခြင်းဖြင့် သမာဓိရရှိလာပြီး ဈာန်အဘိညာဉ်အဆင့်ထိ ပေါက်မြောက်ခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ရေကိုကသိုဏ်းရှုရာတွင် မိမိရှေ့ရှိ မြေကြီးအား ရေဟုမှတ်ယူပြီး သမာဓိရရှိအောင်ကျင့်မှတ်ရာတွင် သမထပေါက်လာပါက မြေကြီးသည် ရေတကယ်ဖြစ်လာပြီး မြေထဲသို့ လျှိုးသွားနိုင်သည်။ ရေကဲ့သို့ လက်ပစ်ကူးသွားနိုင်သည် ငှင်းကိုဈာန်ရသည်ဟု ပြောကြသည်။ အလားတူရေကို မြေကြီးဟု မှတ်ယူပြီး ကသိုဏ်းကျင့်ပါက ရေပြင်သည် မြေပြင်ကဲ့သို့ လမ်းလျှောက်သွားနိုင်သည်၊ သမထလမ်းစဉ်တွင် အမြင့်ဆုံးမှာ ဈာန်အဘိညာဉ်ပင်ဖြစ်သည်။ ဈာန်အဘိညာဉ် ငါးပါးရှိသည်။

ဗုဒ္ဓဘာသာ၌ သမထကျင့်စဉ်များတွင် ဈာန်ရခြင်းသည် အဆင့်အမြင့်ဆုံးဖြစ်ပြီး တကယ်တော့ သမထကျင့်စဉ်သည် ဗုဒ္ဓဘာသာအတွက် အမြင့်ဆုံး ရည်မှန်းချက်တော့မဟုတ်ပါ။ ဝိပဿနာ ဘာဝနာ ပွားများခြင်းသည်သာ အမြင့်ဆုံးရည်မှန်းချက် ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရှိပါလိမ့်မည်။ အချို့က သမထနှင့် ဝိပဿနာကို ရောထွေးနေကြသည်။ နှစ်မျိုးစလုံးမှာ ကမ္မဋ္ဌာန်း ရှုမှတ်ရတာခြင်း တူနေလို့ဖြစ်ပါသည်။ မှတ်ပုံမှတ်နည်း ကွဲလွဲခြင်းသာ ဖြစ်ပါသည်။ဝိပဿနာတွင် တစ်ခုထဲကို အာရုံစူးစိုက်နိုင်သည့် သမထကျင့်စဉ်ကိုရရှိမှ ဝိပဿနာကို ဆက်ပွားနိုင်ပါသည်။ တိုက်ရိုက် ဝိပဿနာပွားများရန် မှတ်ရန်မှာလုံးဝ မလွယ်ကူလှပါ။ ဝိပဿနာမှတ်ပုံမှာ ဥပမာ ဝင်လေ ထွက်လေကို စူးစိုက်မှတ်သားရုံမက အဆိုပါ ဝင်လေ ထွက်လေ၏ ဖြစ်ပျက်မှုတရားကို ရှုမှတ်ရခြင်းဖြစ်သည်။ လေကို ရှူသွင်းလိုက်ပြီးနောက် ဖြစ်လာပြီ၊ ရပ်သွားပြီ၊ ရှူထုတ်လိုက်ပြီ ၊ ပျက်သွားပြီ စသည်ဖြင့် ဖြစ်ပျက်ကို မြင်အောင် တရားရှုမှတ်ရခြင်း ဖြစ်ပြီး သမထကျင့်စဉ်ထက် ပိုမိုခက်ခဲလှပါသည်။ ဝိပဿနာရှုမှတ်ခြင်း ပေါက်မြောက် အောင်မြင်ပြီးပြီဆိုပါက အထက်ဈာန် အဘိညာဉ်များသာမက မဂ်တရားနှင့်ဖိုလ် တရားများကို ပိုင်ဆိုင်နိုင်ပြီဖြစ်၍ အရဟတ္တမဂ်တည်း ဟူသော အမြင့်ဆုံးသော တရားကို ရရှိပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်တော့မည် ဖြစ်ပါသည်။ သေချာသည့် အချက်တစ်ခုမှာ ထေရဝါဒ ဗုဒ္ဓဘာသာတွင် သမထကျင့်စဉ်နှင့် ဝိပဿနာကျင့်စဉ် နှစ်မျိုးလုံးတွင် အလွန်အကျူး ကျင့်အပ်သော ကျင့်စဉ်မျိုးမပါဝင်ခြင်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ တရားရှုမှတ်သည့် လမ်းစဉ်များမှာ ညင်သာသိမ်မွေ့ပြီး အမှန်တကယ်သာ ကျင့်ကြံနိုင်ပါက ပေါက်မြောက်အောင်မြင်နိုင်သော ကျင့်စဉ်တရားများသာ ဖြစ်ကြပါသည်။ ဤနေရာတွင် ရွှေဥမင်ဆရာတော်ကြီး၏ တရားတော်တွင် ပါဝင်သည့် တရားရှုမှတ်ပုံ အချို့အချက်ကို ဖော်ပြလိုပါသည်။ 'တရားအားထုတ်သည့်အခါ သဘောထားမှန်ဖို့လိုပါသည် စိုက်မရှုနဲ့၊ ထိန်းမရှုပါနဲ့၊ လုပ်မရှုပါနဲ့၊ ချုပ်မရှုပါနဲ့၊ ဖြစ်အောင်လည်း အတင်းမလုပ်ပါနဲ့၊ ပျက်အောင်လည်း အတင်းမလုပ်ပါနဲ့၊ ဖြစ်ပျက်ကို လောဘဒေါသမောဟမပါအောင်ရှုမှ တရားအားထုတ်မှ တရားအားထုတ်တာမည်ပါတယ်။ တရားထူးကို ရနိုင်ပါတယ်။ ရှုမှတ်စိတ်သာ သဘောထားမှန်ရင် အာရုံအမှန်ရမှာပဲ'လို့ ဆရာတော်ကြီးက ဟောကြားခဲ့ဖူးပါသည်။

သို့ဖြစ်ရာ သိပ္ပံသဘောအရ အောက်ဆီဂျင်ရှိသည်ကို Test Tube ဖြင့် ဓာတ်ခွဲစမ်းသပ်ပြီးမှ သက်သေပြနိုင်သကဲ့သို့ ဗုဒ္ဓဘာသာ၏ သမထနှင့် ဝိပဿနာ ဟူသော တရားသဘောများကိုလည်း ကျင့်စဉ်အား လက်တွေ့ကျင့်ကြံ အောင်မြင်ပြီးမှသာ သက်သေပြနိုင်ပါသည်။ ထို့ကြောင့် အမှန်တကယ်ကျင့်ကြံ အားထုတ်ကြရန် လိုအပ်ပါသည်။ ဤနေရာတွင် တရားပြ ဆရာကြီး ဦးဂိုအင်ကာ၏ တရားတော်ထဲမှ ယူ၍ပြောရလျှင် 'ဗုဒ္ဓဘာသာဝင်တို့သည် ကြက်ဥတစ်လုံးလို အနှစ်များ လွှင့်ပစ်ပြီးအကာကိုသာ စားသုံးနေကြသည်။ တကယ့်အနှစ်သာရဖြစ်သော တရားဘာဝနာ အားထုတ်သည့် ကျင့်စဉ်များကို မကျင့်ကြံကြဘဲ ပုတီးစိပ်ခြင်း၊ ပရိတ်ရွတ်ခြင်း စသည်တို့ကိုသာ အားသန်နေကြရာ အနှစ်ကို မစားသုံးဘဲ လွှင့်ပစ်ပြီး အကာကိုသာ စားသုံးနေသည်နှင့် တူလှ၏' ဟု ဆရာကြီးက ဆိုခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ၏ အနှစ်သာရအမှန်ဖြစ်သည့် တရားဘာဝနာအားထုတ်ခြင်းကို တရားပေါက်မြောက် အောင်မြင်နိုင်ရေးအတွက်သာမက ကျန်းမာရေး၊ လူမှုရေးစသည့် ရှုထောင့်များမှလည်း ရှုမြင်၍ အကျိုးရှိစွာ အသုံးချတတ်လာစေရန် အချိန်ပေး ဆောင်ရွက်သင့်ကြပြီ ဖြစ်ပါသည်။ ယခုလို အချိန်အခါတွင် နိုင်ငံသားတိုင်း၏ ရင်ထဲတွင် တရားကို တည်ဆောက်ပေးရန် အထူးလိုအပ်နေပါသည်။ ရင်ထဲတွင် ဓမ္မကိန်းဝပ်ရန် လေ့ကျင့်ပေးရပါမည်။ ရွတ်ရုံ၊ သိရုံ၊ ကြားရုံ၊ နာရုံမျှဖြင့် အလုပ်မဖြစ်ပါ၊ ဘုရားကြိုက်သည့် သူများဖြစ်ရန် တခုတည်းသော လိုအပ်ချက်သည် ဓမ္မနှလုံးသားရှိရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့စေဖို့ဆိုသည်မှာ သာသနာ့တာဝန်ကြီးပမ်းဆောင်ရွက်တော်မူလျက်ရှိကြသော သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ မပျောက်ကွယ်စေဖို့ရန်နှင့် ဓမ္မနှလုံးသား ကိန်းဝပ်ကြစေရန်သာဖြစ်ပါကြောင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ် (၇၀)ပြည့် အမှတ်တရအနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

"ဗုဒ္ဓဘာသာဝင်တို့သည် ကြက်ဥတစ်လုံးလို အနှစ်များ လွှင့်ပစ်ပြီး အကာကိုသာ စားသုံးနေကြသည်။ တကယ့်အနှစ်သာရဖြစ်သော တရား ဘာဝနာ အားထုတ်သည့် ကျင့်စဉ်များကို မကျင့်ကြံကြဘဲ ပုတီးစိပ်ခြင်း၊ ပရိတ်ရွတ်ခြင်း စသည်တို့ကိုသာ အားသန်နေကြရာ အနှစ်ကို မစားသုံးဘဲ လွှင့်ပစ်ပြီး အကာကိုသာ စားသုံးနေသည်နှင့် တူလှ၏"

**နော်ယဉ်ကျေး**

## ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မိုင်းဆတ် မေ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းဆတ်မြို့နယ်ဦးစီးမှူးရုံးမှ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ်များ ထုတ်ပေးခြင်းကို ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်း၍ One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက် နံနက်ပိုင်းက မယ်ဆွမ်မြောက်ရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသိန်း ဦးဆောင်သော ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်း၊ လဲလှယ်ပေးခြင်းနှင့် Biometric data များ စိစစ်ကောက်ယူပြီး မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေနှိပ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းကာ UIDနံပါတ်ကတ်များ ဆောင်ရွက်ပေးနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးဇော်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးလှထွန်းတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ခရိုင်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းအတွက် သင်တန်းသားများ ကျေးရွာအရောက်ကွင်းဆင်းရွေးချယ်



**ကန့်ဘလူ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ တစ်နိုင်တစ်ပိုင်ကုန်ထုတ်လုပ်မှုများဆောင်ရွက်ပြီး မိသားစုဝင်ငွေရရှိစေရေး ရည်ရွယ်ကာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်အတွင်း ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းအတွက် သင်တန်းသားများ ရွေးချယ်ခြင်းကို ဧပြီ ၂၉ ရက် နံနက်က ကျေးရွာအရောက် ကွင်းဆင်းရွေးချယ်ခဲ့သည်။

ထိုသို့ကွင်းဆင်းရွေးချယ်ရာတွင် လိတ္တူကျေးရွာ၊ ကိုင်းတောကျေးရွာနှင့်သင်ပန်းတောကျေးရွာများသို့ သွားရောက်၍ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်တင်တင်ခိုင်နှင့် ဝန်ထမ်းများက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှန်တကယ်တက်ရောက်ရန် စိတ်ဝင်စားမှုရှိပြီး လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်မည့်သူများကို သင်တန်းသူများအဖြစ် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းကို လိတ္တူကျေးရွာ၌ မေလဆန်းပိုင်းတွင် သင်တန်းသူ ၂၀ ဦးဖြင့် စာတွေ့၊ လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဓါတ်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## သူ့ရဲကောင်း ဖေဖေ

* သားသမီးနဲ့
ဇနီးမယား
အလေးထား၍
ဝမ်းခါးလုဖို့
ကြိုးစားလို့ပင်။

* ဘဝရှေ့ဆောင်
နေပူမရှောင်
မိုးမရှောင်ခဲ့။

* ညီနောင်နွားလှ
တစ်ရှဉ်းမျှနဲ့
ရုန်းရ ထွန်ရင်း
လယ်ကွင်းယာတော
မြေတစ်ကြောမှာ
မမောတမ်းပင်
လုပ်ငန်းဝင်သည်
ဖခင်သူရဲကောင်းပါပေ။ ။

**မြခြူးအိမ်–ကိုလေး**

## ရက်(၁၀၀)စီမံချက်ဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**ပွင့်ဖြူ မေ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဒေသတွင်း မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဟောပြောခြင်းနှင့် ကျွဲ၊ နွားတိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းကို ဧပြီ ၃၀ နံနက်ပိုင်းက သရက်အုပ်ကျေးရွာအုပ်စု၊ စံပြကျေးရွာခမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မင်းဘူးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာရဲနန္ဒက စံပြကျေးရွာရှိ တစ်ပိုင်တစ်နိုင် နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို တွေ့ဆုံ၍ ကျွဲ၊ နွားတိရစ္ဆာန်များ မွေးမြူရာတွင် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးမြူရေးနည်းလမ်းများအကြောင်းကို ဆွေးနွေးဟောပြောပြီး ပွင့်ဖြူမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝေလွင်ဦးက တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာရဲနန္ဒ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ ဝေလွင်ဦးနှင့် ဝန်ထမ်းများက ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် သရက်အုပ်ကျေးရွာအုပ်စုရှိ ကျွဲ၊ နွားတိရစ္ဆာန်များကို ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးများ အခမဲ့ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



# ကဆုန်ညောင်ရေသွန်းလောင်းပူဇာသဘင်နှင့် စာအုပ်ဓမ္မဒါနပြုပွဲ ကျင်းပ



**ပုသိမ်ကြီး မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ဂန္ဓမာကျေးရွာအုပ်စု၊ ဂန္ဓမာကျေးရွာ၊ မဟာဝိယာရကျောင်းတိုက်၊ သာသနာ့အောင်မြေရှိ မဟာဗောဓိညောင်ပင် ညောင်ရေသွန်းလောင်းပွဲနှင့် မဟာဝိဟာရ သာသနာ့မော်ကွန်းအမှတ် (၃)စာအုပ်ဖြန့်ဝေ ဓမ္မဒါနပြုပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပရာ ရဟန်းစာဆို တက္ကသိုလ်တေဇာလင်း အမှူးပြုသော သံဃာတော် အပါး ၃၀၀ ကျော် ကြွရောက်တော်မူ ကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ပူဇော်ကြသည်။ ဆက်လက်၍ စာအုပ်ကုသိုလ်ရှင် ဦးသက်နိုင်ထွန်း(နိုင်သူထွန်းကုမ္ပဏီမိသားစု) နေပြည်တော်၊ ထုတ်ဝေသူစာရေးဆရာဦးအောင်မြင့်(သား အောင်မြင့်-ဖားကန့်)၊ မဟာဝိဟာရ ကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မန္တလေးမြို့ပေါ်မှ စာရေးဆရာ၊ စာပေတင်းကုပ်မှ စာရေးဆရာများ၊ အမရပူရမြို့၊ ပုသိမ်ကြီးမြို့မှ စာရေးဆရာများက ရဟန်းစာဆို တက္ကသိုလ်တေဇာလင်းထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြကာ ရေစက်ချအမျှဝေကြသည်။

ထို့နောက် မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်းကြပြီးနောက် မဟာဝိဟာရသာသနာ့ မော်ကွန်းအမှတ်(၃) စာအုပ်အား ဓမ္မဒါနအဖြစ် လက်ဆောင်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၀၉၁)**

# မဟာရွှေသိမ်တော်ဘုရား အနေကဇာတင်ပွဲနှင့် ညောင်ရေသွန်းလောင်းပွဲ ကျင်းပ

**ကျောက်ဆည် မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊ သင်တောင်းကျေးရွာ ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရား အနေကဇာတင်ပွဲ၊ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်းနှင့် ညောင်ရေသွန်းလောင်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၅ နာရီက မဟာရွှေသိမ်တော်ဝင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ဆူးကုန်းရပ်ကွက်၊ မဟာဝိသုတာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးနာယက ပဓာနနာယက ဘဒ္ဒန္တခေမိန္ဒာစာရ ဆရာတော်ကြီးနှင့် နာယက ဆရာတော်ကြီး ကိုးပါးတို့က ဘုရားအနေကဇာတင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မဟာရွှေသိမ်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများနှင့် ပင့်သံဃာ ၈၅ ပါးတို့အား အာရုံဆွမ်းများ ဆက်ကပ်ခဲ့ပြီး စေတနာရှင် ပြည်သူများနှင့်အတူ ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများ ဝတ္ထုငွေများ လောင်းလှူခဲ့ကာ ရေစက်သွန်းချ အနုမောဒနာတရားနာယူကြည်ညိုခဲ့သည်။ **(အပေါ်ပုံ)**



ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများက ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားဝင်းအတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(၄၈၅)**



# မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ဘုရားအနေကဇာ တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**လားရှိုး မေ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ဘုရားအနေကဇာတင် လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီက အဆိုပါ ဘုရားကြီး ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက မဟာမုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ် ပူဇော်ခြင်းနှင့် ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ဆွမ်း၊ သစ်သီးများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မြတ်စွာဘုရားနှင့် ဆရာတော်၊ သံဃာတော်များအား ဩကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခဲ့သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**လှမော်(ပြန်/ဆက်)**

*-*-*-*-*

# ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ကျွန်းလှ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် (၃၇)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ အထိမ်းအမှတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကဆုန်လပြည့်နေ့ နံနက် ၈ နာရီက မြို့ဦးရွှေကျင်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမိသားစုများ၊ အသင်းအဖွဲ့များ၊ ရပ်ဝေးရပ်နီးအလှူရှင်များက သံဃာတော်အပါး ၅၀ ကျော်အား ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**(၄၈၀)**

*-*-*-*-*-*



# ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မြစ်သား မေ ၁**

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် နိုင်ငံအနှံ့အပြားမှ ဗုဒ္ဓဘာသာနွယ်ဝင်အပေါင်းတို့က ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်အတူ ကောင်းမှုကုသိုလ်အစုစုအား ဆောင်ရွက်ကြရာ ဧပြီ ၃၀ ရက် နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အတွင်းရှိ ရွှေမုဋ္ဌောဘုရားစေတီတော်မြတ်၏ ရင်ပြင်ကုန်းတော်ပေါ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် (၆)ရပ်ကွက်မှ ဒေသခံပြည်သူများစုပေါင်းကာ ဌာန၊ ရပ်ကွက်အလိုက် မြစ်သားမြို့ပေါ် ဘုန်းတော်ကြီးကျောင်းမှ ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# ဝန်းသိုမြို့တွင် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပ

**ဝန်းသို မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ စစ်ကဲကြီးရပ်ကွက်၊ မဟာမုန်ကျောင်း ကျောင်းတိုက်၊ စတုဗုဒ္ဓမဟာအတုလစေတီတော်မြတ်ကြီးရှိ မဟာဗောဓိညောင်ပင်တွင် ဧပြီ ၃၀ရက် ကဆုန်လပြည့်နေ့ နံနက်က ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နှစ်စဉ်မပျက် ကျင်းပကြသည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့မှ ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ကောလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူး ကျော်ဆန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်သည်။



ထို့အပြင် အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ညောင်ထောက်ကုသိုလ်ပြုခြင်း၊ စတုဗုဒ္ဓမဟာအတုလစေတီရင်ပြင်တော်အား သန့်ရှင်းရေး ကုသိုလ်ဒါနပြုလုပ်ခြင်းနှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ပြုလုပ်သည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ထေရဝါဒဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ်ဖြစ်ပြီး ဝန်းသိုမြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ရပ်ကွက်များ၌ ဒေသခံပြည်သူများက မြန်မာ့ဓလေ့ရိုးရာအစဉ်အလာများနှင့်အညီ ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဓမ္မစကြာဝတ်အသင်းများမှ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာပွားများ အားထုတ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်း ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ) (၃၉၄)**

*-*-*-*-*

# ရေနံချောင်းမြို့မှ အစပြုခဲ့သည့် အလုပ်သမားနေ့မှသည် (၁၃၀၀)ပြည့် အရေးတော်ပုံကြီး

၂၀၁၆ ခုနှစ်၊ မေ ၁ ရက်သည် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်သည်။ ကမ္ဘာ့အလုပ်သမားနေ့ အစကနဦးမှာ ၁၈၉၀ ပြည့်နှစ်၊ မေ ၁ ရက်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ဖြစ်၏။ ယနေ့တွင် နှစ်ပေါင်း(၁၃၆)နှစ်ပင် ရှိခဲ့လေပြီ။

**မြန်မာ့မေဒေးအစ ရေနံချောင်းမြို့က (၁၇-၅-၁၉၃၈)**

မြန်မာနိုင်ငံတွင် ၁၉၃၈ ခုနှစ်၊ မေ ၁၃ ရက် မှာ အလုပ်သမားနေ့ကို ပထမဦးဆုံး ကျင်းပခဲ့သည့်မြို့မှာ ရေနံချောင်းမြို့ပင် ဖြစ်သည်။ ရေနံချောင်းမြို့အလယ်ရှိ ဇရပ်ကြီး၌ တို့ဗမာအစည်းအရုံးက ဦးဆောင်လျက် ကျင်းပခဲ့ရာဝယ် တက်ကြွသော ပရိသတ် ၅၀၀၀ ကျော် တက်ရောက်ကာ နားထောင်၊ လှုပ်ရှားခဲ့ကြပေသည်။

အလုပ်သမားနေ့ဖြစ်မြောက်ရေး ဗဟိုကော်မတီဖွဲ့ပြီး (၁၇-၅-၁၉၃၈)

| | | |
|---|---|---|
| (၁) | သခင်လေးမောင် | ဥက္ကဋ္ဌ |
| (၂) | သခင်ဗမောင် | ဒု-ဥက္ကဋ္ဌ |
| (၃) | သခင်ဖေသန်း | အတွင်းရေးမှူး |
| (၄) | သခင်လှိုင် | တွဲဖက်အတွင်းရေးမှူး |
| (၅) | သခင်အင် | ငွေထိန်း |
| (၆) | သခင်ဖိုးလှကြီး | အမှုဆောင် |
| (၇) | သခင်တာ | အမှုဆောင် |
| (၈) | သခင်ငွေရှိန်း | အမှုဆောင် |
| (၉) | သခင်မာ | အမှုဆောင် |
| (၁၀) | သခင်ဖေ | အမှုဆောင် |
| (၁၁) | သခင်သက် | အမှုဆောင် |
| (၁၂) | သခင်ဗစိန် | အမှုဆောင် |
| (၁၃) | သခင်ခ | အမှုဆောင် |

**သခင်ကိုယ်တော်မှိုင်း ဦးဆောင်၍ အလုပ်သမားနေ့အတွက် အစည်းအဝေး ကျင်းပခဲ့ (၁-၁၀-၁၉၃၈)**

ရေနံချောင်းမြို့မှ အစပြုခဲ့သော အလုပ်သမားနေ့နှင့်ပတ်သက်၍ လှုပ်ရှားမှုအရှိန်သည် မြင့်လာ၏။ အင်္ဂလိပ်အစိုးရကလည်း တော်တော်သတိထားလာ၏။ ရေနံချောင်း၊ ချောက်မြို့မှ နိုင်ငံရေးသမားကြီးများက ဦးဆောင်၍ အလုပ်သမားတို့၏ နစ်နာမှုတောင်းဆိုချက် (၂၁)ချက်ကို အင်္ဂလိပ်အစိုးရထံသို့ ရဲရဲတောက် တောင်းဆိုထားပြီဖြစ်၏။ (၁-၁၀-၁၉၃၈)ရက်က သခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဂျူနီဦးစော၊ သခင်ဖိုးလှကြီး၊ သခင်လှဘော်၊ ဒီးဒုတ်ဦးဘချို၊ သခင်လှိုင်၊ သခင်တင်မောင်(ပန်းတနော်)၊ ဦးဘခိုင်တို့အဖွဲ့ကလည်း မြန်မာ့အလုပ်သမားများအတွက် ပြင်းပြင်းထန်ထန် အရေးဆိုကာ အင်္ဂလိပ်အစိုးရအား ဝေဖန်အပြစ်တင်ခဲ့ကြသည်။ အထူးသဖြင့် B.O.C အလုပ်သမားများအတွက် ဦးပြုကြသည်။

**သခင်ထွန်းအုပ် ဦးဆောင်လျက် တို့ဗမာအစည်းအရုံး စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပ အလုပ်သမားများအတွက် တိုက်ကွက်(၂၃-၁၀-၁၉၃၈)**

ရေနံချောင်းမြို့မှ အစပြုလိုက်သည့် ကမ္ဘာ့အလုပ်သမားနေ့က ချမှတ်ချက် ပြဋ္ဌာန်းချက်များအား အလေးထားအမှုပြု အစည်းအဝေးတစ်ရပ် ကျင်းပလျက် အင်္ဂလိပ်အစိုးရအား ဝိုင်းချရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့လိုက်သည်။

| | | |
|---|---|---|
| (၁) | သခင်ထွန်းအုပ် | ဥက္ကဋ္ဌ |
| (၂) | သခင်အေး | ဒု-ဥက္ကဋ္ဌ |
| (၃) | သခင်ဗစိန် | အတွင်းရေးမှူး |
| (၄) | သခင်ဗရွှမ်း | ငွေထိန်း |
| (၅) | သခင်စောကြီး | ငွေထိန်း |
| (၆) | သခင်လှဖေ | ဗဟာလက်ရုံး |
| (၇) | သခင်ကျော်ရင် | ဝါဒဖြန့်ချိရေး |
| (၈) | သခင်ခ | အလုပ်သမားဌာန |
| (၉) | သခင်ညီ | အမှုဆောင် |
| (၁၀) | သခင်အောင်သန်း | အမှုဆောင် |
| (၁၁) | သခင်သင်(ကိုကလေး) | အမှုဆောင် |
| (၁၂) | သခင်သင်(ရွှေတောင်) | အမှုဆောင် |
| (၁၃) | သခင်ခင်မောင် | အမှုဆောင် |

**မှတ်ချက်** – သာယာဝတီ စီရင်စု သုံးဆယ်မြို့ ပန်းဆွဲကျောင်း၌ ကျင်းပခဲ့၏။

ကမ္ဘာ့အလုပ်သမားနေ့ May Day နေ့ကို အစပထမကျင်းပခဲ့သော ရေနံချောင်းမြို့က သခင်လေးမောင်ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခဲ့သော အလုပ်သမားနေ့ ကျင်းပရေးအဖွဲ့အစည်းသည် ရေနံမြေချောက်မြို့မှ ရေနံမြေအလုပ်သမားတို့၏ လုပ်ပိုင်ခွင့်၊ ခံစားခွင့် (၂၀)ချက်ကို တောင်းဆိုခဲ့မှုသည် (၁၃၀၀)ပြည့် အရေးတော်ပုံကြီး ဖြစ်ပေါ်လာရချေသည်။ ရေနံချောင်း၊ ချောက်မြို့မှသည် သာယာဝတီ၊ သုံးဆယ်မြို့မှနေပြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်လျက် အလုပ်သမားတို့အရေးကို အစည်းအဝေးတစ်ရပ်ခေါ်ကာ အင်္ဂလိပ်အစိုးရအား တိုက်တော့သည်။ တစ်ဖန် သခင်ထွန်းအုပ် ဦးဆောင်လျက် ရန်ကုန်ဘက်ဆီမှ ဒို့ဗမာအစည်းအရုံးက ရေနံမြေအလုပ်သမားအရေး အစည်းအဝေးခေါ်ပြီး တိုက်ပွဲဝင်လေတော့သည်။ နယ်ချဲ့အင်္ဂလိပ် မျက်နှာဖြူအစိုးရကို ဆန့်ကျင်ရေးတွေ တစ်နိုင်ငံလုံး အလှိုက်လှိုက်ပေါ်ပေါက်လာရသည်။ နိုင်ငံရေးသမားကောင်းတို့၏ စည်းလုံးညီညွတ်မှုကြောင့် ၁၉၃၀ ပြည့်နှစ်၊ နိုဝင်ဘာ ၃၀ မှ အစပြုလျက် သခင်ဖိုးလှကြီးခေါင်းဆောင်သော ရေနံမြေအလုပ်သမား၊ အလုပ်သမ တစ်ထောင်ကျော်သည် မိုင် ၄၀၀ ကွာဝေးသော ရန်ကုန်မြို့အထိ ခြေကျင်ချီတက်ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီ၌ ရေနံမြေအလုပ်သမားများ ရန်ကုန်မြို့သို့ ရောက်ရှိသွားတော့သည်။ ထို (၁၅-၁၂-၁၉၃၈)ခုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော်ကလည်း ပုဒ်မ-၁၄၄ ကို ဆန့်ကျင်ကာ အစိုးရအား ဆန္ဒပြကြတော့သည်။ အတွင်းဝန်ရုံးသို့ ဝိုင်းဝန်းကာ ဆန္ဒပြရာမှာ တက္ကသိုလ်ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် ကျဆုံးခဲ့ရသည်။

**နိဂုံးချုပ်**

နယ်ချဲ့အရင်းရှင် အင်္ဂလိပ်မျက်နှာဖြူအစိုးရက ပြည်သူကို အဓမ္မနှိပ်စက်၊ ဖြိုခွင်းခဲ့လင့်ကစား … ပြည်သူ၊ ပြည်သားတစ်တွေ ညီညွတ်ခဲ့မှုနှင့် အမျိုးသားရေးစိတ်ဓာတ်ရင့်သန်မှုအရ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်အစိုးရလက်အောက် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရပေသည်။

ရေနံချောင်းမြို့ အလုပ်သမားနေ့မှ အစပြုလျက် နယ်ချဲ့အင်္ဂလိပ်အစိုးရအား တော်လှန်သမှုပြုခဲ့သည့် နိုင်ငံအရေးလှုပ်ရှားမှုသည် ထိမိအောင်မြင်မှုရခဲ့ပါကြောင်း တင်ပြရလေသည်။

**ကိုးကား**– မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းရက်စွဲ မှတ်တမ်းစာအုပ်

**ရွှေဘိုဘာမထီခင်အောင်**

## ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**စဉ့်ကူး မေ ၁**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့ အခါသမယတွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့၌ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စဉ့်ကူးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင် ရွှေမုဋ္ဌော ဘုရား၌ ဧပြီ ၃၀ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။



ရှေးဦးစွာ အခမ်းအနားတွင် မြို့ဦးရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခဲ့ပြီး အောင်ပွဲရေစက်ချမင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က စဉ့်ကူးမြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဝရသာမိထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။ ထို့နောက် ဧည့်ပရိသတ်အပေါင်းတို့က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် မြတ်စွာဘုရား အမှူးပြုသော သံဃာတော် ၂၇ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရှင်းသန့်လွင်နှင့် တာဝန်ရှိသူများ၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များကို အလှူရှင်များက ဝတ္ထုပစ္စည်း၊ အလှူငွေနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား နေ့လယ်စာ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**တင်စာလွင်(ပြန်/ဆက်)**

*-*-*-*-*



## မတ္တရာမြို့နယ်၌ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပွဲ ကျင်းပ

**မတ္တရာ မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပွဲကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီက အမှတ်(၅)ရပ်ကွက်ရှိ ဓမ္မာသနမစိုးရိမ်တိုက်သစ်ရှိ ဗောဓိညောင်ပင်တွင် ကျင်းပသည်။

အဆိုပါ ညောင်ရေသွန်းလောင်းပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်သူများက ညောင်ရေသွန်းလောင်းခဲ့ကြသည်။

ညောင်ရေသွန်းလောင်းပွဲသို့ ကြွရောက်လာသူများအား ကြာဆံဟင်းခါး၊ စတုဒိသာများ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးကျော်သူထွေး**

စက်သုံးဆီဖြည့်နေစဉ် လက်ကိုင်ဖုန်း မပြောရ။

# ကဆုန်လပြည့် ညောင်ရေသွန်းပွဲအခမ်းအနား ကျင်းပ

**သရက် မေ ၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကဆုန်လပြည့် (ဗုဒ္ဓနေ့)ညောင်ရေသွန်းပွဲ အခမ်းအနား ကျင်းပခြင်းကို ယမန်နေ့ ညနေ ၅ နာရီက သရက်မြို့နယ် လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင်



နမောတဿ(၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မင်းကျောင်း ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကာ ဩဝါဒမိန့်ကြားခဲ့သည်။

ထို့နောက် ပင့်သံဃာဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ သံဃနာယကအဖွဲ့ဝင် မြခဲတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေဝေပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုဆုတောင်းခဲ့သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဓော်ထက်(သရက်)

* – * – * – *

* – * – * – * – * – *



# မိုးသက်လေပြင်းနှင့် မိုးကြိုးပစ်ခတ်မှုတို့ကြောင့် ထိခိုက်သေဆုံးပျက်စီးခဲ့သည့် ဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီ ၂၈ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခတ်ခြင်းများကြောင့် ထိခိုက်သေဆုံးပျက်စီးခဲ့ကြသည့် ဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ဧပြီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က အမှာစကားပြောကြားပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြသည့် တယ်ပင်တဲကျေးရွာအုပ်စု၊ ဈေးကုန်းကျေးရွာအုပ်စု၊ သဲဗုဒ္ဓကျေးရွာအုပ်စုတို့မှ ဘေးသင့်အိမ်ထောင်စု ၁၁ စု၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် သေဆုံးသူ တစ်ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၁၇၁၀၀၀ ကို ညောင်ဦးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဘေးသင့်အိမ်ထောင်စုများမှ သက်ဆိုင်သူများထံ တစ်ဦးချင်း လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၅၆)

# VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**ကလေး မေ ၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မော်လိုက်ကလေးကျေးရွာနှင့် တောင်ရွာကျေးရွာ နှစ်ရွာ၌ ရက်(၁၀၀)စီမံချက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ နှစ်ရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မျိုးသီရိထွန်းက ရက်(၁၀၀) စီမံချက်ဖြစ်သော ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍မိတ်ဆက်ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနှစ်ဦးအား မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ နှစ်ရွာ၌ ယခု ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျေးရွာ တစ်ရွာလျှင် ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(အောက်ဝဲပုံ)

ငြိမ်းသူ

* – * – * – * – * – *



# စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ငါးရှဉ့်မွေးမြူခြင်းလုပ်ငန်းမှာ ကုန်ကျစရိတ်သက်သာပြီး မွေးမြူသူများအဆင်ပြေသည့် လုပ်ငန်းဖြစ်

**မန္တလေး မေ ၁**

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းသည် ကုန်ကျစရိတ်သက်သာပြီး အမြတ်အစွန်းများသော လုပ်ငန်းတစ်ခုအဖြစ် ပြည်တွင်း၌ တိုးတက်လာလျက်ရှိကြောင်း သိရသည်။

ပြည်ပဝယ်လိုအားမြင့်မားခြင်းနှင့် ရေရှားပါးသော ဒေသများတွင်ပါ မွေးမြူနိုင်ခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူသည့် အဆင့်အထိ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာကြောင်း သိရသည်။

ငါးရှဉ့်သည် ပြည်တွင်းစားသုံးမှုသာမက အိမ်နီးချင်းတရုတ်နိုင်ငံသို့ အဓိကတင်ပို့နေရသည့် ဈေးကွက်ဝင် ပို့ကုန်တစ်ခုဖြစ်သည်။ ငါးရှဉ့်၏ထူးခြားချက်မှာ အောက်ဆီဂျင်နည်းပါးသော ပတ်ဝန်းကျင်တွင်ပင် ရှင်သန်နိုင်စွမ်းရှိခြင်းကြောင့် ရေအရင်းအမြစ်ခက်ခဲသောဒေသများတွင်ပါ အောင်မြင်စွာ မွေးမြူနိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ငါးရှဉ့်နီ (Monopterus albus) နှင့် ငါးရှဉ့်မဲ (Monopterus cuchia) မျိုးစိတ်များကို အဓိကထားမွေးမြူကြကြောင်း သိရသည်။

ငါးရှဉ့်မွေးမြူရာတွင် အုတ်ကန်(သို့မဟုတ်)တာပေါလင်ကန်များဖြင့် အလွယ်တကူ စတင်နိုင်ပြီးကန်အတွင်း သဘာဝပတ်ဝန်းကျင်နှင့် တူညီစေရန် ရွှံ့မြေ၊ ကောက်ရိုးဆွေး၊ ၎က်ပျောတုံးနှင့် နွားချေးတို့ကို အလွှာလိုက်ခင်းကျင်းပေးရန်လိုအပ်ကြောင်း ရေအရည်အသွေးအတွက် အဝီစိတွင်းရေ (သို့မဟုတ်) မိုးရေကို အသုံးပြုနိုင်သော်လည်း ကလိုရင်းဓာတ်ကင်းစင်ရန် အထူးသတိပြုရမည်ဖြစ်ပြီး ကန်အတွင်း အမြှုပ်များထွက်လာပါက ရေအသစ်လဲလှယ်ပေးရန်လိုအပ်ကြောင်း သိရသည်။

(ယာပုံ)

အစာကျွေးမွေးမှုအပိုင်းတွင် ငါးရှဉ့်များသည် တီကောင်၊ ခရုနှင့် ငါးငယ်များကို အဓိကစားသုံးကြပြီး ပုပ်သိုးနေသော အစာများကို ရှောင်ကြဉ်ရန်လိုအပ်ကြောင်း သိရသည်။

ငါးရှဉ့်များသည် သဘာဝအလျောက် မတ်လမှ စက်တင်ဘာလအတွင်း ဥချသားပေါက်လေ့ရှိရာ ထိုကာလသည် သားဖောက်ရန်အကောင်းဆုံးအချိန်ဖြစ်ပြီး စနစ်တကျပြုစုပျိုးထောင်ပါက မျိုးပွားနှုန်းကောင်းမွန်သည့် သတ္တဝါများဖြစ်ကြောင်း သိရသည်။

လုပ်ငန်းအောင်မြင်ရန်အတွက် ငါးရှဉ့်သားပေါက် ရွေးချယ်မှုသည် အလွန်အရေးကြီးကြောင်း၊ အထူးသဖြင့် မဆေးလာ(သို့မဟုတ်) ပရုပ်ကဲ့သို့သော ဓာတုပစ္စည်းများဖြင့် ဖမ်းယူထားသော ငါးရှဉ့်သားပေါက်များကို မွေးမြူခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း မွေးမြူရေးပညာရှင်များက အကြံပြုထားသည်။

မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံကဲ့သို့ ငါးရှဉ့်မွေးမြူရေးမှ တစ်ဆင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး နည်းစနစ်မှန်ကန်စွာမွေးမြူမည်ဆိုပါက ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးတိုးတက်မှုများစွာရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)







## ချမ်းသာရစေတီတော် အထက်ဌာပနာတော်သွင်းမင်္ဂလာ ကျင်းပ

**မန္တလေး မေ ၁**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ်၊ သီရိဟေမာအနောက် ရပ်ကွက်၊ အကွက်(၂၃၂)၊ လမ်း ၃၀နှင့် ၉၁လမ်းရှိ နယ်လုံးဆိုင်ရာ သမိုင်းဝင် ဆုတောင်းပြည့် ချမ်းသာရစေတီတော် အထက်ဌာပနာ တော်သွင်း မင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိစ္စရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူပြီး ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး ချမ်းအေးသာစံမြို့နယ် ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး မြို့နယ်အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကော်မတီဝင်များ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

အစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အထက်ဌာပနာတိုက်အတွင်း၌ ထည့်သွင်းပူဇော်မည့် ဌာပနာများအား မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပင့်ဆောင်ကာ စေတီတော်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် စေတီတော်ကြီး၏ အထက်ဌာပနာတိုက်အတွင်းသို့ ရထားပျံဖြင့် ပင့်ဆောင်ထည့်သွင်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၁)

## KBZ CENTER MANDALAY မှ ကျောက်ကပ်အခမဲ့သွေးသန့်စင်ပေးရန် လျှောက်လွှာထုတ်ပေးမည်

**မန္တလေး မေ ၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းနှင့် ၁၁၀လမ်းထောင့်ရှိ KBZ CENTER MANDALAY မှ ကျောက်ကပ်အခမဲ့သွေးသန့်စင်ပေးရန် လျှောက်လွှာများကို မေ ၄ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထုတ်ပေးထားသည့် လျှောက်လွှာများကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး စိစစ်ရွေးချယ်ပြီးလျှင် ကျောက်ကပ်အခမဲ့ သွေးသန့်စင်ကုသခွင့်ရရှိမည့်လူနာများအား ပြန်လည်ဆက်သွယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

KBZ CENTER MANDALAY အနေဖြင့် ငွေကြေးခက်ခဲပြီး ကျောက်ကပ်သန့်စင်ခြင်း ပြုလုပ်ရမည့်လူနာများအတွက် ကျောက်ကပ်အခမဲ့သွေးသန့်စင်ကုသမှုအား ဖေဖော်ဝါရီ ၂ ရက်မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ စက် ၄လုံးဖြင့် လူနာ ၂၄ ဦးကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါတွင် အသစ်ထပ်မံရောက်ရှိလာသည့် စက် ၁၆ လုံး တပ်ဆင်ပြီးစီးပါက စက်အလုံးရေ ၂၀ ဖြင့် တစ်ပတ်လျှင် စုစုပေါင်း လူနာ ၁၈၀ ဦးကို ကျောက်ကပ်အခမဲ့ သွေးသန့်စင်ကုသမှုပြုလုပ်ပေးသွားမည်ဖြစ်၍ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းခြင်း ကြိုတင်စာရင်းပေးသွင်းခြင်းတို့ကို ဆောင်ရွက်လိုပါက KBZ CENTER MANDALAY ၏ CALL CENTER ဖုန်း ဝ၉-၉၄၁၆ဝဝ၉၉၉ သို့မဟုတ် U9 ဖုန်းကိုင်ဆောင်မှုများအတွက် SHORT CODE ၁ဝ၁ဝ သို့ နေ့စဉ် တနင်္လာမှ သောကြာနေ့အတွင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။



(ဝဲပုံ)

ရဲရင့်ရန်အောင်

## ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး လူရည်ချွန်မောင်/မယ်များ တည်းခိုနိုင်ရေး ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး

**တောင်ကြီး မေ ၁**

ဗလငါးတန်နှင့်ပြည့်စုံသော စံပြလူငယ်များ ဖြစ်ပေါ်လာစေရန်နှင့် ဘက်စုံထူးချွန်ပြောင်မြောက်သော နိုင်ငံချစ် သားကောင်း သမီးမွန်များ ဖြစ်ပေါ်လာစေရန်အတွက် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူသည် ရှမ်းပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ တောင်ကြီးခရိုင်ပညာရေးမှူး၊ တောင်ကြီးမြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ လူရည်ချွန်မောင်/မယ်များ တည်းခိုနိုင်ရေး ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးသည် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး တည်းခိုနားနေမည့် အိပ်ဆောင်ရစ်ဆောင်အား ကြည့်ရှုစစ်ဆေး၍ သက်သောင့်သက်သာရှိစေရန်နှင့် အားလပ်ချိန်များတွင် ကြိုက်နှစ်သက်ရာ ဗဟုသုတစာအုပ်များ လေ့လာဆည်းပူးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးက ထမင်းစားဆောင်နှင့် ယာယီဆေးပေးခန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

၂၀၂၅ခုနှစ် ရှမ်းပြည်နယ်မှ လူရည်ချွန်မောင်မယ်များသည် ဧပြီ ၃၀ ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ဩဝါဒခံယူသွားခဲ့ပြီး မေ ၁ ရက်တွင် နေပြည်တော် လူရည်ချွန်စုရပ်သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၃၀)မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**ပျော်ဘွယ် မေ ၁**

ပျော်ဘွယ်မြို့နယ်၊အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၃၀)မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အငြိမ်းစားယူခဲ့ပြီးဖြစ်သော ဆရာကြီး၊ ဆရာမကြီးများကို ကျောင်းသား၊ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြကာ အငြိမ်းစားဆရာမကြီး ဒေါ်ခင်ဆွေသန်းက ဆုံးမဩဝါဒစကားပြောကြားပြီး မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးက ငွေစာရင်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများကို ကော်မတီအဖွဲ့ဝင် ဦးမောင်မောင်လွင်က ကျေးဇူးတင်စကားပြောသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲတွင် အငြိမ်းစားယူခဲ့ပြီးဖြစ်သော အသက် ၈၀ နှစ်နှင့်အထက် ဆရာ၊ ဆရာမ ၁၄ ဦး အတွက် တစ်ဦးလျှင် ငွေကျပ်လေးသိန်း၊ အသက် ၆၆ နှစ်မှ ၇၉ နှစ်ရှိ ဆရာ၊ ဆရာမ ၆၄ ဦး အတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်း၊ အသက် ၆၂ နှစ်မှ ၆၅ နှစ်ရှိ ဆရာ၊ ဆရာမ ၂၂ ဦး အတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းငါးသောင်းနှုန်းဖြင့် စုစုပေါင်း ဆရာ၊ ဆရာမ ၁၀၀ ဦးအား ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)

*- *- *- *- *

## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၌ သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

**မန္တလေး မေ ၁**

၂၀၂၆ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်းဘုတ်တင်အခမ်းအနားနှင့် သက်ကြီး ပူဇော်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် အရာရှိကြီးများက ဆိုင်းဘုတ်တင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား အောင်သပြေခက်များဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ထို့နောက် ချမ်းအေးသာစံ မြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာမောင်မယ်အဖွဲ့မှ ဂုဏ်ပြုတီးမှုတ်ခဲ့ကြပြီး ဘင်ခရာအဖွဲ့အား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေးဦးစီးကော်မတီမှ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်ပြီး သက်ကြီးပူဇော်ပွဲကျင်းပခဲ့ရာ သန္ဓေ(အငြိမ်းစား) မီးသတ်ဝန်ထမ်းဟောင်းများနှင့် အသက်(၇၃)နှစ်အထက်၊ လုပ်သက် (၂၅)နှစ်အထက်ရှိသော လက်ရှိတာဝန်ထမ်းဆောင်နေသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တစ်ဦးလျှင် ငွေကျပ် ၂၀၀,၀၀၀ ပူဇော်ကန်တော့ခဲ့ကြသည်။

အခမ်းအနားသို့ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိန်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးမြို့အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၆၁၆-ခ)၊ အကျယ် ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်အိအိချို အမည်ပေါက်ဂရန်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ အာရ်စီ (၃)ထပ်တိုက် အဆောက်အအုံ၊ ရေတိုင်၊ လျှပ်စစ်မီတာ ပါဝင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးအေးချို (ဘ)ဦးအောင်ချို(၉/ခအဇ (နိုင်)၀၀၀၀၉၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၁၁၁၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ငွ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၆)၊ ဦးပိုင်အမှတ်(၉၇)၊ ဧရိယာ(၀ ဒဿမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးဆန်းအောင် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိတွင်ပိုင်ရေးပိုင်ခွင့်ရှိကြောင်း၊ ယခုရောင်းချသူက လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိကြောင်း၊ ကန့်ကွက်ဟန့်တားလိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်ဖြေရှင်းနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ဟန့်တားခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးကျော်လင်း(LL.B)** | **ဒေါ်ထက်ထက်အောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၉၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၈၂)** |
| **ဦးဖိုးဌေး(LL.B)** | **ဒေါ်ဖူးသက်သက်ထွေး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၁၉၇၆)** | **အထက်တန်းရှေ့နေ(စဉ်–၅၀၇၅၆)** |

**ဖုန်း ၀၉–၂၀၆၀၃၄၀၊ ၀၉–၈၈၂၀၆၀၃၄၀**
**၆၈လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(စ-၆၀၀)၊ ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမျိုးမြင့် အမည်ဖြင့်ချထားပေးသော မြေကွက်အတွင်းမှ အလယ်ခြမ်း ဧရိယာ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ (ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးဘိုဘိုဇော် (ဘ)ဦးတင်ထွန်း (၉/မနမ(နိုင်)၁၀၇၀၆၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉–၂၅၆၀၂၆၈၇၆ ၊ ၀၉–၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၉၃-ခ)၊ ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဦးမြဒင် အမည်ဖြင့်ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်တင်တင်(ပါ-၄) (ဘ)ဦးမြဒင်(၉/မနတ(နိုင်)၀၇၉၅၉၇)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉–၂၅၆၀၂၆၈၇၆ ၊ ၀၉–၇၉၈၇၈၃၄၅၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ငွ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃၂)၊ ဦးပိုင်နံပါတ်(၆၂+၆၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒဿမ ၁၁၀)ဧက အကျယ်အဝန်းရှိ ဦးအောင်နွဲ့ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးမွန်အောင် (ဘ)ဦးဆန်းအောင် (၁၃/ကမန(နိုင်)၀၈၄၀၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | | **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသစ်အောင် (LL.M)** | **ဦးဖြိုးသာစန့် (LL.B)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမိုမိုထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၃)၊ ဦးပိုင်နံပါတ်(၄၃)ဟု ခေါ်တွင်သော ဦးတော်(ခ)ဦးမောင်တော် အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ထဲမှ ၆၇-လမ်း မျက်နှာပွင့် တောင်မှမြောက် (၂၁ပေ ၆လက်မ)၊ အရှေ့မှအနောက် ပေ(၂၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းမြအိမ် (ဘ)ဦးအိုက်ကျော်(၁၃/မဆတ(နိုင်)၀၀၄၁၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | | **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| | | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်ယုသစ်အောင် (LL.M)** | **ဦးဖြိုးသာစန့် (LL.B)** | **ဒေါ်ကောင်းစုဝမ်း (LL.B)** | **ဒေါ်မေစင်ဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## "အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် (၈၇၀)၊ ဦးပိုင်အမှတ် (၄/၁၀)၊ ဧရိယာ (၂၂ × ၅၆) ပေအကျယ်အဝန်းရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချ ပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်နန်းခမ်းကူ** (ဘ) ဦးကြည်ဝင်း [၁၃/တယန (နိုင်) ၀၂၈၇၀၃ ] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ **( ၁၄ ) ရက်** အတွင်း ခိုင်လုံသော အထောက်အထားပြ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-
**ဒေါ်ဇင်မင်းသူ** (LL.B) တရားလွှတ်တော်ရှေ့နေ
၇၃ လမ်း၊ ၂၇ × ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း- ၀၉-၇၉၈၂၅၈၀၇၁

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၆)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒဿမ ၀၃၃၁)ဧက၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒဿမ ၁၆၅၂)ဧက အကျယ်အဝန်းရှိ မြေကွက်များမှာ ဒေါ်ထွေးရီ အမည်ပေါက်ဘိုးဘပိုင်မြေကွက်များဖြစ်ပါသည်။ ယခုအခါ သားသမီးများဖြစ်ကြသည့် ၁။ ဦးကြည်မြင့် (ဘ)ဦးလှရွှေ(ခ)ကျုပ်ဖူကွမ်း(၉/မနမ(နိုင်)၀၈၁၃၂၅)၊ ၂။ ဦးကြည်ဆင့် (ဘ)ဦးလှရွှေ(ခ)ကျုပ်ဖူကွမ်း(၉/မနမ(နိုင်)၀၈၁၁၈၃)၊ ၃။ ဒေါ်အေးအေးမြင့် (ဘ)ဦးလှရွှေ(ခ)ကျုပ်ဖူကွမ်း(၉/မနမ (နိုင်)၀၈၁၁၈၅)၊ ၄။ ဒေါ်နီနီဆင့် (ဘ)ဦးလှရွှေ(ခ)ကျုပ်ဖူကွမ်း(၉/မနမ(နိုင်)၀၈၁၃၂၃)၊ ၅။ ဦးကျော်လှ (ဘ)ဦးလှရွှေ(ခ)ကျုပ်ဖူကွမ်း(၉/မနမ(နိုင်)၀၈၁၃၂၈)တို့မှ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနၠ၌ ၁၀၅ မြေပုံ၊ မြေရာဇဝင်ရေးကူးရာ အဆိုပါမြေကွက်များမှာ ၁၉၈၉ ခုနှစ်တွင် မီးလောင်သွားခဲ့၍ ယခင် ဦးပိုင်အမှတ်များဖြစ်သော ဦးပိုင်အမှတ်(၈)၊ ဦးပိုင်အမှတ်(၉)များမှာ ယခု ဦးပိုင်အမှတ်(၉)၊ (၁၁)ဖြစ်သွားသော်လည်း ယခုအချိန် ၁၀၅ မြေပုံ၊ မြေရာဇဝင်ရေးကူးရာ ယခု ဦးပိုင်အမှတ်(၉)မှာ ဦးပိုင်အမှတ်(၂၀)ဖြစ်သွားပြီး ဧရိယာမှာလည်း (၀ ဒဿမ ၂၆၃၂)၊ ယခင်ဦးပိုင်အမှတ်(၁၁)မှာ ယခု ဦးပိုင်အမှတ်(၂၂)ဖြစ်သွားပြီး ဧရိယာမှာ (၀ ဒဿမ ၀၃၈၈)ဧက ဖြစ်သွားပါသည်။

အထက်ပါအမွေဆက်ခံကြေညာပိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမွေဆက်ခံကြေညာပိုင်ခွင့်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူများ၏ လွှဲအပ်ချက်အရ–**

| | | |
|---|---|---|
| **ဦးအောင်ကိုကိုဦး (ဥပဒေဘွဲ့)** | **ဦးကျော်သိန်းထွန်း(ဥပဒေဘွဲ့)** | **ဦးငြိမ်းချမ်းအောင် (ဥပဒေဘွဲ့)** |

**တရားလွှတ်တော်ရှေ့နေများ**
**'မော်ကွန်း' ဥပဒေအကျိုးဆောင်**
**၃၂(ဘီ)လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၉၄၀၇၀၀၀၀၈၊ ၀၉–၉၄၀၇၀၀၀၀၉၊ ၀၉–၉၄၀၈၀၀၀၀၈၊ ၀၉–၉၄၀၈၀၀၀၀၉**
Viber: ၀၉–၉၄၀၀၃၈၀၀၀

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁

| | | | | |
|---|---|---|---|---|
| ကော့ကရိတ် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသား ၄၃ ဦးအား ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင်ပြည်ပနိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ယနေ့ နံနက် ၂ နာရီခန့်တွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၃ ဦးအား ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

စာမျက်နှာ ၁၀ သို့ ❑



ကွန်ဟိန်းမြို့နယ် ကာလိမြို့ ဝမ်မိုင်ကျေးရွာအနီး သံလွင်မြစ်ကူး ကူးတို့ဆိပ်၌ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၃ ဦးအား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

## AYA Bank Tri Nations Cup 2026 အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပဏာမလူစာရင်း ထုတ်ပြန်

**ရန်ကုန် မေ ၁**

ရန်ကုန်မြို့တွင် ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် AYA Bank Tri Nations Cup 2026 (International Women's Friendly Matches) ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပဏာမကစားသမား(၃၅) ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီ ဖြစ်သည်။ အဆိုပါ ပဏာမလူစာရင်းတွင် ပြည်တွင်းကလပ်အသင်းများမှ ထိပ်သီးကစားသမားများအပြင် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် အဓိကကစားသမားများလည်း ပါဝင်လာခဲ့သည်။

မြန်မာအမျိုးသမီးအသင်းကို ယာယီနည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး၊ လက်ထောက်နည်းပြများအဖြစ် ဒေါ်သူဇာထွေးနှင့် ဂိုးနည်းပြ ဦးစိန်အေးတို့က ဆောင်ရွက်သွားမည်ဖြစ်သည်။ အသင်းအား ဧပြီလ (၂၇) ရက်မှ စတင်ကာ စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ပြည်ပကလပ်များတွင် ကစားနေသည့် ကစားသမားများသည် မေလအစောပိုင်းတွင် အသင်းနှင့် လာရောက်ပူးပေါင်းမည်ဖြစ်သည်။ ပဏာမကစားသမားများအဖြစ် ဂိုးသမား- မျိုးမြမြငြိမ်း(သစ္စာအားမာန်)၊ အိစန္ဒာဇော်(ဧရာဝတီ)၊ ဖူးလတ်နဒီ(အား/ကာသိပ္ပံ)၊ သူဇာအောင်(သစ္စာအားမာန်)၊ သက်ထားအောင်(မြဝတီ)၊ လှလှထွေး(YREO)၊ နောက်တန်း-မေသက်မွန်မြင့်(သစ္စာအားမာန်)၊ ဖြူဖြူဝင်း(ဧရာဝတီ)၊ ဇွန်ယုယဦး(ဧရာဝတီ)၊ ဖြူဖွေး(ဧရာဝတီ/စတေလီယွန်လာဂူနာ)၊ လင်းလဲ့ဦး(အား/ကာသိပ္ပံ)၊ သန်းသန်းနွယ်(အား/ကာသိပ္ပံ)၊ ခင်မျိုးသဏ္ဍာထွန်း(ရှမ်းယူနိုက်တက်)၊ ဆောင်းနှင်းဖွေး(ရှမ်းယူနိုက်တက်)၊ နန်းစနေမ(ရန်ကုန်ယူနိုက်တက်)၊ ယုယုနိုင်(ရန်ကုန်ယူနိုက်တက်)၊ ခင်မိုးဝင်း(ဧရာဝတီ)၊ ဝေဟင်ဖြိုး(အား/ကာသိပ္ပံ)၊ အလယ်တန်း-ခင်မိုမို ထွန်း(သစ္စာအားမာန်)၊ နော်ထက်ထက်ဝေ(ဧရာဝတီ)၊ ဟေမာန်စိုး(အား/ကာသိပ္ပံ)၊ ဝင်းဝင်း(သစ္စာအားမာန်)၊ ခင်မာလာထွန်း(အား/ကာသိပ္ပံ)၊ ဝင်းစန္ဒာ (YREO)၊ နန်းဖြူဖြူသွယ်(ရှမ်းယူနိုက်တက်)၊ လင်းမြင့်မိုရ်(အား/ကာသိပ္ပံ)၊ နန်းလွမ်းလိုင်း(အား/ကာသိပ္ပံ)၊ ရွှေတန်း စန်းသော်သော်(ဧရာဝတီ/စတေလီယွန်လာဂူနာ)၊ ရူပါခိုင်(ရှမ်းယူနိုက်တက်)၊ မြတ်နိုးခင်(သစ္စာအားမာန်)၊ ရွှေရည်ထွန်း(အား/ကာသိပ္ပံ)၊ မေထက်လူ(UCLA-အမေရိကန်)၊ စုစုကြည်(ရန်ကုန်ယူနိုက်တက်)၊ ဇင်မိုးပြည့်(ရန်ကုန်ယူနိုက်တက်)နှင့် ဝင်းသီဂီထွန်းတို့ ပါဝင်ကြသည်။

AYA Bank Tri Nations Cup 2026 အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၁ ရက်မှ ၇ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး မြန်မာ၊ ထိုင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(NGB)**



## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရန် ခရစ္စတယ်ပဲလေ့စ်အသင်း ရေပန်းစား

**လန်ဒန် မေ ၁**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရန် ခရစ္စတယ်ပဲလေ့စ်အသင်းက ရေပန်းစားလျက်ရှိသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့အဝေးကွင်းတွင် ရှက်တာဒိုးနက်စ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ရန်လည်း နီးစပ်သွားခဲ့ပြီးနောက် ချန်ပီယံဆုဆွတ်ခူးရန် ရေပန်းစားလာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် မေ ၈ရက်တွင် ရှက်တာဒိုးနက်စ်အသင်းအား အိမ်ကွင်းတွင်လက်ခံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့ကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကွန်းဖရန့်လိဂ်ပြိုင်ပွဲ ချန်ပီယံဆုကြီးအား ရယူသိမ်းပိုက်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

